# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၂၀၃)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် ဥပ္ပါတသန္တိစေတီတော်ကြီး ရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေး

## လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အဆောက်အအုံနှင့် အဆောက်အအုံအတွင်းရှိ အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ်မြတ်သူ စာစုများထားရှိသည့် အခန်း၊ အီလက်ထရွန်နစ်စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ ဝန်ဇင်းမင်းရာဇာခန်းမ၊ စာအုပ်စင်ခန်းများ၊ ပေ၊ ပုရပိုက်ဌာနစိတ်နှင့် စာကြည့်တိုက်အတွင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ


**အင်ဒိုနီးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ** — ပြည်တွင်းသတင်း စာ ၇

**လျှော်ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာ သတိပြုရမည့်အချက်များ** — ဆောင်းပါး စာ ၁၀

**အခွန်စည်းကြပ်မှုများကြောင့် ခေါင်းခဲမှုများ ဖြစ်ပေါ်နေစဉ် ဂျီ ၂၀ ဘဏ္ဍာရေး အကြီးအကဲများ တွေ့ဆုံ** — နိုင်ငံတကာသတင်း စာ ၁၉




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အတွင်း ထိခိုက်ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

❒ *ရှေ့ဖုံးမှ*

ထိခိုက်ပျက်စီးခဲ့မှုများ၊ စာအုပ်များကို အမျိုးအစားအလိုက် ထိန်းသိမ်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာကြည့်တိုက်အတွင်းရှိ စာအုပ်များအား စာပေအမျိုးအစားအလိုက် ခွဲခြား၍ စနစ်တကျ ပြန်လည်သိမ်းဆည်းခြင်း၊ မှတ်တမ်းတင်ခြင်းများဖြင့် ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည်များကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များသည် ပညာလိုလားသူများအတွက် လွတ်လပ်စွာဖြင့်ပညာရှာမှီးနိုင်သည့် တက္ကသိုလ်တစ်မျိုးဖြစ်ပြီး အဖိုးတန်နေရာတစ်ခုဖြစ်ကြောင်း၊ စာကြည့်တိုက်အတွင်း နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထားသည့် စာကောင်းပေမွန်များကို ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) အဆောက်အအုံ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**❝ စာကြည့်တိုက်အတွင်းရှိ စာအုပ်များအား စာပေအမျိုးအစားအလိုက်ခွဲခြား၍ စနစ်တကျပြန်လည်သိမ်းဆည်းခြင်း၊ မှတ်တမ်းတင်ခြင်းများဖြင့် ထိန်းသိမ်းထားရှိရန်လို၊ ထိခိုက်ပျက်စီးခဲ့သည်များကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်၊ စာကြည့်တိုက်များသည် ပညာလိုလားသူများအတွက် လွတ်လပ်စွာဖြင့် ပညာရှာမှီးနိုင်သည့် တက္ကသိုလ်တစ်မျိုးဖြစ်ပြီး အဖိုးတန်နေရာတစ်ခုဖြစ်၊ စာကြည့်တိုက်အတွင်း နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထားသည့် စာကောင်းပေမွန်များကို ထိန်းသိမ်းထားရှိရန်လို၊ မြန်မာ့နိုင်ငံရေးသမိုင်းစဉ်ကို နောင်လာနောက်သားတို့ အမှန်အတိုင်းသိရှိနိုင်ရန်လိုသည့်အတွက် မိမိတို့တာဝန်ရှိသူများအနေဖြင့် အစဉ်အဆက်လက်ဆင့်ကမ်း၍ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ❞**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ဥပ္ပါတသန္တိစေတီတော်ကြီးရှိ ရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။




ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး တည်ဆောက်ခဲ့ရာတွင် အချင်း ၁ မီတာရှိ Bored Pile ပေါင်း ၄၄၀ ပေါ်တွင် စနစ်တကျတွက်ချက်၍ အုတ်မြစ်ချတည်ဆောက်ခဲ့မှုကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များအား အစာအာဟာရများ ကျွေးမွေးစဉ်။

*စာမျက်နှာ ၃ မှ*

မြန်မာ့နိုင်ငံရေးသမိုင်းစဉ်ကို နောင်လာနောက်သားတို့ အမှန်အတိုင်းသိရှိနိုင်ရန်လိုသည့်အတွက် မိမိတို့တာဝန်ရှိသူများအနေဖြင့် အစဉ်အဆက်လက်ဆင့်ကမ်း၍ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာကြည့်တိုက်ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ ဥပ္ပါတသန္တိစေတီတော်ကြီးရှိ ရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီး ရင်ပြင်တော်အချို့နေရာများတွင် ကွဲအက်ခြင်း၊ နိမ့်ကျခြင်းများဖြစ်ပေါ်ခဲ့မှု၊ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၅ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr.Igor Krasnov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr.Igor Krasnov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မိမိအနေဖြင့် အဆွေတော်၏ နိုင်ငံတွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ဝမ်းနည်းဖွယ်ရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် များစွာဝမ်းနည်းရပါကြောင်း၊ မြန်မာပြည်သူများ၏ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုများဖြင့် ဤဘေးဥပဒ်ကို ကျော်လွှားနိုင်ပါစေဟု ဆုတောင်းအပ်ပါကြောင်း၊ မိမိအနေဖြင့် ထိခိုက်ခံစားရသူများ၏ ဆွေမျိုးမိတ်ဆွေများ၏ ဝမ်းနည်းပူဆွေးမှုကို ထပ်တူနားလည်ခံစားရပါကြောင်းနှင့် ၎င်းတို့၏ မိသားစုဝင်များအား စာနာအားပေးပါကြောင်း ဖော်ပြပါရှိသည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**

အဆွေတော်

**မိမိအနေဖြင့်** အဆွေတော်၏နိုင်ငံတွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ဝမ်းနည်းဖွယ်ရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် များစွာဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာပြည်သူများ၏ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုများဖြင့် ဤဘေးဥပဒ်ကို ကျော်လွှားနိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

မိမိအနေဖြင့် ထိခိုက်ခံစားရသူများ၏ ဆွေမျိုးမိတ်ဆွေများ၏ ဝမ်းနည်းပူဆွေးမှုကို ထပ်တူနားလည်ခံစားရပါကြောင်းနှင့် ၎င်းတို့၏ မိသားစုဝင်များအား စာနာအားပေးပါကြောင်းကို ပြောကြားလိုပါသည်။

လေးစားလျက်

**အီဂေါ် ခရက်စ်နော့**
**ရှေ့နေချုပ်**
**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*စာမျက်နှာ ၄ မှ*

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရင်ပြင်တော်နေရာများ၊ မြေထိန်းနံရံနေရာများနှင့် သာသနိကအဆောက်အအုံအချို့အား ပြန်လည်ပြုပြင်ခြင်းများကို စနစ်တကျဖြင့် အမြန်ဆုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မိုးရာသီမရောက်မီ ရနိုင်သမျှဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် စေတီတော်ကြီးရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်ရာတွင် စေတနာရှင် အလှူရှင်များအနေဖြင့် ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ရေးအတွက်လည်း နှိုးဆော်သွားရန်လိုကြောင်း မှာကြားသည်။

### အစာအာဟာရများကျွေးမွေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များအား အစာအာဟာရများ ကျွေးမွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ဥပ္ပါတသန္တိစေတီတော်ကြီးရှိ ရင်ပြင်တော် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အချင်း ၁ မီတာရှိ Bored Pile ပေါင်း ၄၄၀ ပေါ်တွင် စနစ်တကျတွက်ချက်၍ အုတ်မြစ်ချတည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် ယခုငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရချိန်တွင် မူလစေတီတော်ကြီး၌ အနည်းငယ်သာ ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ စေတီတော်ကြီး ရင်ပြင်တော်အနေဖြင့် အချို့နေရာများတွင် ပြင်းထန်သော ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ကွဲအက်ခြင်း၊ နိမ့်ကျခြင်းများ ဖြစ်ပေါ်ခဲ့ရပြီး ထိခိုက်ပျက်စီးခဲ့ရမှုများကို နိုင်ငံတော်အနေဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများအနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရသည့် စေတီတော်ကြီးရင်ပြင်တော်နှင့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ရာတွင် ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အပါချီဘိလပ်မြေစက်ရုံ (ပြည်ညောင်) ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၄

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ရှိ ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ အပါချီဘိလပ်မြေစက်ရုံ (ပြည်ညောင်) အစည်းအဝေးခန်းမ၌ စက်ရုံမှတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်သည် ငလျင်ဘေးဒဏ်သင့်ဒေသများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အုတ်စက်ရုံများ၊ အထပ်သားစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မှသာ ဈေးနှုန်းတည်ငြိမ်မှုရှိမည်ဖြစ်ကြောင်း၊ စက်ရုံမှ ထုတ်လုပ်သည့် ဘိလပ်မြေများကို ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆေးရုံများ၊ ကျောင်းများ ပြုပြင်ရေးလုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေးရောင်းချရမည်ဖြစ်ကြောင်း။

ထို့ပြင် ငလျင်ဘေးဒဏ်သင့်ဒေသများသို့လည်း ဖြန့်ဖြူးရောင်းချနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းအနေဖြင့် စက်ရုံအချင်းချင်း လိုအပ်ချက်များကို အပြန်အလှန်ကူညီပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဘိလပ်မြေများ များစွာလိုအပ်၍ စက်ရုံအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စက်ရုံမှ တာဝန်ရှိသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု၊ စက်ကိရိယာပစ္စည်းများ ပြုပြင်ခဲ့မှု၊ စက်ရုံပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်အတွင်း လိုအပ်ချက်မြင့်မားလျက်ရှိသည့် ဘိလပ်မြေများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး မှာကြားပြီး ဘိလပ်မြေထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ ခေတ်ခွဲခန်းများနှင့် ထုတ်လုပ်ပြီးဘိလပ်မြေများအား ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အပါချီဘိလပ်မြေစက်ရုံသည် တစ်နေ့လျှင် တန် ၄၀၀၀ နှင့် တန် ၁၅၀၀ လည်ပတ်ထုတ်လုပ်နိုင်သည့် လိုင်း(၂)လိုင်းတပ်ဆင်ထားရှိပြီး ၂၀၂၅ ခုနှစ် မေ ၅ ရက်မှ ၂၂ ရက်အထိ ကလင်ကာတန်ချိန် ၈၀၀၀၀ ခန့် ထုတ်လုပ်ခဲ့ကြောင်း၊ ဘိလပ်မြေကြိတ်စက်ရုံကို ငလျင်လှုပ်ခတ်ပြီးချိန်တွင် သုံးနာရီခန့်ရပ်တန့်၍ စက်များကို စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်ထိ တစ်စပ်တစ်ဆက်တည်းလည်ပတ်၍ ဘိလပ်မြေတန်ချိန် ၆၀၀၀၀ ထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်းနှင့် စက်ရုံမှထုတ်လုပ်သော ကလင်ကာများကို ရန်ကုန်မြို့ သီလဝါစက်မှုဇုန်ရှိ ဘိလပ်မြေကြိတ်စက်ရုံများသို့ပေးပို့၍ ဘိလပ်မြေများ ထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်ကို စက်ရုံအထိုင်ဈေး တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## လှိုင်ကော်စိုက်ပျိုးရေးသုတေသနခြံ၌ ရေဖျန်းကိရိယာဖြင့် ပဲပုပ်နှင့် နေကြာ စိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြပွဲကျင်းပ

လှိုင်ကော် မေ ၂၄

ကယားပြည်နယ်မှ ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလေးထား ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ စိုက်ပျိုးရေးသုတေသနခြံ၌ နွေရာသီတွင် ရေဖျန်းကိရိယာ နည်းစနစ်ဖြင့် ပဲပုပ်နှင့် နေကြာသီးနှံစံပြကွက် စိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြပွဲကို ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများ အကျိုးစီးပွားအတွက် လက်တွေ့ပြသ၍ အကျိုးရှိအောင်ပြန်လည်အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးရေကို အလေအလွင့်မရှိဘဲ စနစ်တကျ အသုံးချရန်လိုကြောင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြု၍ သီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ကြရန်နှင့် ပြည်နယ်အတွင်း စိုက်စွမ်းအား တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနများကလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ အောင်မြင်ရေး ကြိုးစား ဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် လှိုင်ကော်စိုက်ပျိုးရေးသုတေသနခြံ တာဝန်ခံက ရေဖျန်းကိရိယာဖြင့် ပဲပုပ်နှင့် နေကြာ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် စိုက်ပျိုးရေးသုတေသနခြံများ၏ ဆောင်ရွက်ချက်များကို လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာက စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ကိစ္စရပ်များအား ဖြည့်စွက်ဆွေးနွေးခြင်းများကိုလည်းကောင်း၊ တက်ရောက်လာသောတောင်သူများက သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများ၊ တောင်သူများအား လှိုင်ကော်စိုက်ပျိုးရေးသုတေသနခြံ တာဝန်ခံက ရေဖျန်းကိရိယာဖြင့် စိုက်ပျိုးထားရှိသည့် ပဲပုပ်နှင့် နေကြာသရုပ်ပြစိုက်ခင်း၌ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆိုလာစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မုံရွာ မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသား/အမျိုးသမီး မီတာ ၄၀၀၊ မီတာ ၁၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀ အပြေးပြိုင်ပွဲများနှင့် မီတာ ၁၀၀၊ မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲများနှင့် သံလုံးပစ်/သံပြားပစ်/လှံတံပစ်/အမြင့်ခုန်/ အလျားခုန်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသား/အမျိုးသမီး တံခွန်စိုက်ဆုရရှိသည့် ဟုမ္မလင်းမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကာ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၁၈) နှစ်အောက် လှံတံပစ်ပြိုင်ပွဲတွင် ၅၈ ဒသမ ၃၅ ဖြင့် စံချိန်သစ်တင်ခဲ့သည့် မောင်ချစ်မင်းအောင်အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး အမျိုးသား ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် မြို့နယ်များအား ငွေသားဆုနှင့် ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် မြို့နယ်များအား ငွေသားဆုနှင့် ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး တရားသူကြီးချုပ်က အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက အမျိုးသား/အမျိုးသမီး သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ အလျားခုန်၊ သုံးဆင့်ခုန်၊ အမြင့်ခုန်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀ အပြေးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း




**နေပြည်တော် မေ ၂၄**

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယမန်နေ့က မနာပဒါယီ ကိုရီးယားဆရာတော်နှင့် ပြည်တွင်းပြည်ပအလှူရှင်များက ငွေကျပ်သိန်း ၁၀၀ ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC) ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၄**



မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ် သုတေသနစင်တာရှိ အစည်းအဝေးခန်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မန္တလေးမြို့ပေါ်ရှိတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကို နိုင်ငံဂုဏ်ဆောင်တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုစေမည့်ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြုလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှုစွမ်းရည်များ ပြသရန်၊ တက္ကသိုလ်၏ ရှေ့နှစ် ၁၀၀ မျှော်မှန်းချက်ချမှတ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် လာမည့် အောက်တိုဘာတွင် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ကျင်းပနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အစည်းအဝေးတက်ရောက်လာသူများ၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး၏ စုပေါင်းအားဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မိမိတို့ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍအလိုက် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တက်ရောက်လာသူများက ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မန္တလေးတက္ကသိုလ်သုတေသနစင်တာရှိ သုတေသနသုံးစက်ပစ္စည်းများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်အတွက် အကျိုးရှိ ထိရောက်သော သုတေသနလုပ်ငန်းများတွင် စနစ်တကျ အသုံးချ ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဖွင့်လှစ်ကျောင်းဖွင့်နိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ (လမ်းခွ)အခြေခံပညာအထက်တန်းကျောင်း၊ ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်းများ ဇွန်လကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆရာဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့မှ ကျောင်းသား ကျောင်းသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးမှုကြောင့် လာမည့် မေ ၁၆ ရက်တွင် တက္ကသိုလ်ဝင် စာမေးပွဲပြန်လည်ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် ဘာသာရပ်ဆိုင်ရာ ပြန်လည်သင်ကြားပေးမည့်အပြင် ပုံနှိပ်ဖတ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး မပျက်မကွက် ပညာသင်ကြားနိုင်ရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားကာ ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၂၄**

အင်ဒိုနီးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ Police Brigadier General (Retired) Ary Laksmana Widjaja ခေါင်းဆောင်သော အဖွဲ့ဝင် ၄၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်း ခရီးစဉ်နှစ်ခုဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှ သံမှူးကြီး Harlianto နှင့် အင်ဒိုနီးရှားစစ်သံမှူး Col (Mar) Budi Chayono တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



အင်ဒိုနီးရှား ဆေးဘက်ဆိုင်ရာအဖွဲ့တွင် အထွေထွေရောဂါကုဆရာဝန်များ၊ ခွဲစိတ်ဆရာဝန်များ၊ အရိုးအထူးကုဆရာဝန်များ၊ မေ့ဆေးဆရာဝန်များ၊ ကလေးအထူးကု ဆရာဝန်များ၊ အရေးပေါ်အထူးကုဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်သူများ၊ သူနာပြုများ၊ သားဖွားဆရာမများ၊ စီမံရေးအရာရှိနှင့် ထောက်ပံ့ရေးအရာရှိများပါဝင်ပြီး နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်(ခုတင်-၅၀)ဆံ့ ဆေးရုံ၌ ဧပြီ ၇ ရက်မှ ၂၁ ရက်အထိ ငလျင်ဘေးဒဏ်သင့်ပြည်သူ ၄၈၇၄ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် မေ ၂၄ ရက်အထိ သေဆုံးသူ ၃၇၆၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၀ ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၁ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၂၃ ရက် ည ၇ နာရီမှ မေ ၂၄ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံက ထောက်ပံ့ပေးသည့် မေးခိုင်ရောဂါကာကွယ်ဆေး စုစုပေါင်းတန်ချိန် ၂ ဒသမ ၉၈ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးထစ်ချုန်းခြင်းများဖြစ်ပေါ်နိုင်**

**နေပြည်တော် မေ ၂၄** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပျဉ်းမနားမြို့နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးစခန်း၌ လျှော်ဒဏ်ကြောင့် ပျက်စီး၊ ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြန်လည်စိစစ်ထုတ်ပေးမှု ကြည့်ရှုအားပေး



**နေပြည်တော် မေ ၂၄**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ရန်အောင် (၂)ရပ်ကွက်၊ တပေါင်းကွင်း၌ မြေငလျင်ဒဏ်ခံရသည့် ပြည်သူများအတွက် ဖွင့်လှစ်ထားရှိသည့် မြို့နယ်သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ အဆိုပါစခန်းအတွင်း၌ ပျဉ်းမနားမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ငလျင်ဒဏ်ကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသွားသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြန်လည်စိစစ်ထုတ်ပေးနေမှု၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic / Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ပျက်စီး၊ ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမြန်ပြန်လည်ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ကာ စာရင်းပြုစုရယူဆောင်ရွက်ရေး မှာကြားပြီး ကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသူများ ပြန်လည်လျှောက်ထားရယူနိုင်ရေး အသိပေးနှိုးဆော်ဆောင်ရွက်ပေးရေး ရှင်းလင်းဆွေးနွေးပြောကြားကာ ကယ်ဆယ်ရေးစခန်းရှိပြည်သူများအား လိုအပ်ချက်များမေးမြန်း၍ နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် ဦးစီးမှူးရုံး၊ ဇမ္ဗူသီရိမြို့နယ်ဦးစီးမှူးရုံးတို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးမှု၊ ရုံးပရိဘောဂနှင့် ရုံးသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဦးစီးမှူးရုံး၏ ရုံးခန်းများအခြေအနေနှင့် အဆိုပါရုံးဝင်းအတွင်း ဇမ္ဗူသီရိမြို့နယ်ဦးစီးမှူးရုံး ယာယီရုံးဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ဦးစီးမှူးရုံးနှင့် ဥတ္တရသီရိမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်ဦးစီးမှူးရုံးမြေနေရာ၌ ယာယီရုံးဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူကိုဝန်ဆောင်မှုပေးသည့် ဌာနဖြစ်သည်နှင့်အညီ ယာယီရုံးအမြန်ဆုံးပြန်လည်ဖွင့်လှစ်၍ ငလျင်ဒဏ်ခံရသည့် ပြည်သူများအတွက် ပျက်စီး၊ ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြန်လည်စိစစ်ထုတ်ပေးနိုင်ရေးနှင့် e-ID စနစ်အတွက် Unique ID နံပါတ်ထုတ်ပေးရေးလုပ်ငန်းများပြန်လည်ဆောင်ရွက်ပေးနိုင်ရေး၊ ယင်းလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပျက်စီး၊ ပျောက်ဆုံးမှုစာရင်းများ ပြုစုဆောင်ရွက်နိုင်ရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီနယ်မြေ၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် အသားထုတ်လုပ်မှုတိုးချဲ့ရေး ကြိုးပမ်း

**နေပြည်တော် မေ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်၊ တပ်ကုန်းမြို့နယ် ပေတောကျေးရွာရှိ ပုဂ္ဂလိကဥစားကြက်မွေးမြူရေးခြံ၌ ဥစားကြက်ကောင်ရေ ၅၀၀၀၀ မွေးမြူထားရှိမှုကိုကြည့်ရှုပြီး ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဥနှင့်အသား တိုးတက်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကန်ကြီးမွေးမြူရေးဇုန်၊ ဖန်ဟွ (Fun Hwa) နို့စားနွားမွေးမြူရေးခြံ၌ ကံကြီးမွေးမြူရေးဇုန်နှင့် ရွှေမြို့မွေးမြူရေးဇုန်တို့မှ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ခေတ်မီနည်းစနစ်ဖြင့် တိုးချဲ့မွေးမြူရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး ကင်းသာကျေးရွာရှိ ပုဂ္ဂလိကအသားတိုးဝက် မွေးမြူရေးခြံ၌ အသားတိုးဝက် ၁၀၀၀ ကျော် မွေးမြူထားရှိမှုနှင့် မွေးမြူရေးသုတေသနစခန်း(ရွှေမြို့)၏ ပျားမျိုးစိတ် သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရွှေမြို့မွေးမြူရေးဇုန် ဥဖောက်စက်သို့ရောက်ရှိပြီး နေပြည်တော်၊ တပ်ကုန်းမြို့နယ်နှင့် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ တင်ပို့ရောင်းချမည့် ဘဲသားပေါက် အမကောင်ရေ ၁၄၀၀ သားဖောက်ထားရှိမှု၊ ဥစားဘဲများ မွေးမြူထားရှိမှုနှင့် ဒေသနွားများ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



◆ *ကျောဖုံးမှ*

၂၈-၄-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

**၃၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဂျာမနီနိုင်ငံ အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေသောအဖွဲ့များအား လှည့်လည်ကြည့်ရှု

**နေပြည်တော် ဧပြီ ၂၄**

အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ကိုယ်စား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ဂျာမနီနိုင်ငံ အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတက်ရောက်သူများသည် မန္တလေးငလျင်ကြီးတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် မတ်တတ်ရပ်၍ တစ်မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ငလျင်ဘေးတုံ့ပြန်ရေးအတွက် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အရေးပေါ်ဆေးအဖွဲ့ ၂၃ ဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ဂျာမနီနိုင်ငံ အရေးပေါ်ဆေးကုသရေးအဖွဲ့ (Humedica) သည် ဧပြီ ၁၅ ရက်မှစတင်ကာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ တွင်အခြေပြု၍ ငလျင်ဘေးအရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အရေးပေါ်နှင့်ပြင်ပလူနာပေါင်း ၁၀၀၀ နီးပါးကို ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်းနှင့် လူနာများအတွက် လိုအပ်သည့်ပစ္စည်းများကို ပံ့ပိုးပေးခဲ့သဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကိုယ်စား ဂျာမနီနိုင်ငံအစိုးရ၊ ပြည်သူလူထုနှင့် Humedica အဖွဲ့အား အထူးကျေးဇူးတင်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ ငလျင်ဘေးသင့်ဒေသများတွင် ဘက်စုံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများနှင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့သူများအတွက် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး ဂျာမနီနိုင်ငံ အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းတင်လွှာ(**အပေါ်ယံပုံ**)နှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။



ယမန်နေ့ ညနေပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နေသော အမေရိကန်ပြည်ထောင်စု International Medical Corps အဖွဲ့နှင့် ဂျာမနီနိုင်ငံ Humedica အဖွဲ့တို့မှ တစ်ရက်လျှင် ပြင်ပလူနာ ၁၀၀ ခန့်အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို လှည့်လည်ကြည့်ရှုကာ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ဝှေ့၊ အလေးမနှင့် မြားပစ်အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားနည်းများအနက်မှ လက်ဝှေ့၊ အလေးမနှင့် မြားပစ် အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် လေ့ကျင့်လျက်ရှိသည့် လက်ဝှေ့အားကစားသမားများနှင့် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှုအခြေအနေများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိမြားပစ်လေ့ကျင့်ရေးကွင်း၌ မြားပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုအခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အုပ်ချုပ်၊ နည်းပြများ၊ အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် အားကစား၏ အခြေခံဖြစ်သော ကိုယ်ခန္ဓာအချိုးအစားကြံ့ခိုင်စေရေး၊ နည်းစနစ်များ ကျွမ်းကျင်စေရေး၊ လျင်မြန်ဖျတ်လတ်မှုရှိစေရေး၊ ခွန်အားပြည့်ဝသန်မာစေရေး၊ သက်လုံကောင်းမွန်စေရေး၊ စိတ်ဓာတ်အားဖြင့်ကြံ့ခိုင်ပြီး အောင်နိုင်စိတ်မွေးမြူနိုင်စေရေးတို့ အတွက် နည်းပြများအနေဖြင့် စနစ်တကျကြပ်မတ် လေ့ကျင့်ပေးရေး၊ လေ့ကျင့်လျက်ရှိသည့် အားကစားကွင်း၊ အားကစားရုံများ ကောင်းမွန်စေရေး၊ လေ့ကျင့်ရေးသုံးပစ္စည်းများ ပြည့်စုံစေရေး ရာသီဥတုနှင့်အညီ စားသောက်ရေး၊ နေထိုင်ရေး၊ သောက်ရေ၊ သုံးရေအခက်အခဲများနှင့် လေ့ကျင့်မှုပိုင်းဆိုင်ရာအခက်အခဲများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ယခုကာလတွင် ပြည်တွင်းခရီးသည်များ လေဆိပ်သို့ ဆိုက်ရောက်/ထွက်ခွာ အဆင်ပြေမှုရှိစေရေး ယာယီဆောင်ရွက်ထားရှိမှုနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်များ အဆင်ပြေစွာ ပျံသန်းပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် လေဆိပ် တာဝန်ရှိသူများက လက်ရှိကာလတွင် ပြည်တွင်းခရီးစဉ်အတွက် ယာယီအသုံးပြုလျက်ရှိသည့် ခရီးသည်များ သွားလာမှုလွယ်ကူစေရေး စီစဉ်ဆောင်ရွက်ထားမှုအခြေအနေနှင့် မကြာမီပြန်လည်ဖွင့်လှစ်မည့် ပြည်ပခရီးစဉ်များနှင့် ပတ်သက်၍ ဆိုက်ရောက် ခရီးသည်များနှင့် ထွက်ခွာခရီးသည်များ အတွက် လေဆိပ်ဝန်ဆောင်မှုဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် လိုအပ်ချက်ရှိသည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးအား ငလျင်ဘေးဒဏ်ကြောင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံအတွင်း ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်ရေး ဆောင်ရွက်မည့်အစီအစဉ်များကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လေဆိပ်အား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး လေဆိပ်ဝန်ဆောင်မှုများ ယခင်အတိုင်း အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၄**

နေပြည်တော်နှင့်အနီးတစ်ဝိုက်၌ ဧပြီ ၂၅ ရက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ဧပြီ ၂၅ ရက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ငလျင်ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာ သတိပြုရမည့်အချက်များ

ဒေါက်တာသန်းနိုင်စိုး

**၂၈-၃-၂၀၂၅ ရက်နေ့တွင် အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးတို့တွင် အဆိုပါငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ကြရပါသည်။ ထိုဒေသများတွင် နေအိမ်အဆောက်အအုံ တိုက်တာများပြိုကျခြင်း၊ လျှပ်စစ်မီး၊ သောက်သုံးရေကဲ့သို့သော အခြေခံလိုအပ်ချက်များ ပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့ပါသည်။**

ထိုငလျင်ဘေးသင့်ဒေသများတွင် နေထိုင်သူအများစုသည်လည်း မိမိတို့၏နေအိမ်များတွင် ဆက်လက်နေထိုင်ရန် မသင့်တော်သောကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်ခြင်းနှင့် မိမိတို့၏နေအိမ်ဝန်းကျင် မြေကွက်လပ်၊ အားကစားကွင်း၊ စာသင်ကျောင်း စသည့်နေရာများတွင် ယာယီနေထိုင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ နေထိုင်သူများအနေဖြင့် ကျန်းမာရေးထိခိုက်မှုမရှိစေရန် လိုက်နာရမည့်အချက်များကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် **"မြေငလျင်ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာသတိပြုရန်အချက်များ"** ကို မေ ၇ ရက်မှစတင်၍ နိုင်ငံပိုင်သတင်းစာများနှင့် အင်တာနက်စာမျက်နှာများတွင် ထည့်သွင်းဖော်ပြပြီးဖြစ်ပါသည်။

ယာယီ ရွှေ့ပြောင်းနေထိုင်သူ ပြည်သူများအနေဖြင့် လတ်တလော အခြေအနေများအရ ကြုံတွေ့နိုင်သည့် အဓိကကျန်းမာရေးပြဿနာများမှာ ကူးစက်ရောဂါများအန္တရာယ်၊ မြွေနှင့် အဆိပ်ရှိသတ္တဝါများအန္တရာယ်နှင့် အပူဒဏ်အန္တရာယ်တို့ဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်ကျရောက်ပြီးနောက် ဖြစ်ပွားနိုင်ခြေများပြားသည့် ကူးစက်ရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မျက်စိနာရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါတို့ဖြစ်ပြီး မြွေနှင့်အခြားအဆိပ်ရှိသတ္တဝါတို့၏ အန္တရာယ်ကိုလည်း သတိပြု၍ကာကွယ်ရမည် ဖြစ်ပါသည်။

ကူးစက်ရောဂါအန္တရာယ်မှ ကာကွယ်ရန် စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ချက်ပြုတ်စားသောက်ရာတွင်လည်းကောင်း၊ အလှူရှင်များက လာရောက်ဝေငှသောထမင်းဘူးများနှင့် စားစရာများကို စားသောက်ရာတွင်လည်းကောင်း ပူပူနွေးနွေး ချက်ချင်းစားသောက်ရန် လိုအပ်ပါသည်။ အစားအစာများကို ထိုသို့ချက်ချင်းစားသုံးခြင်းမပြုဘဲ နေ့ဖို့ညစာအဖြစ် သိုလှောင်သိမ်းဆည်းထားပါက ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် ဗက်တီးရီးယားပိုး စသည့်ရောဂါပိုးများပေါက်ပွားလာ၍ အစာအဆိပ်သင့်ခြင်းဖြစ်ပွားပြီး အချိန်မီ ဆေးကုသမှုမရရှိပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

အလှူရှင်များအနေဖြင့်လည်း အစားအစာများကို လှူဒါန်းရာတွင် ချက်ပြုတ်ပြီးအစားအစာများကို လှူဒါန်းခြင်းမပြုဘဲ ပူပူနွေးနွေးချက်ပြုတ်စားသောက်နိုင်မည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန်လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်းများ ပြုလုပ်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက **"အလှူရှင်များလိုက်နာရန် ပန်ကြားချက်"** ကို မေ ၅ ရက်မှစတင်၍ နိုင်ငံပိုင်မီဒီယာများနှင့် အင်တာနက်စာမျက်နှာများမှ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။



မန္တလေးငလျင်ကြီးဘေးသင့်ဒေသဖြစ်သည့် မိတ္ထီလာမြို့နယ် ပေါက်ချောင်းရပ်ကွက် ရွှေကျောင်းစုရပ်တွင် ၉-၄-၂၀၂၅ ရက်နေ့က အခြေခံကျန်းမာရေးဝန်ထမ်းများက ရေသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

အဆိုပါပန်ကြားချက်တွင် အထက်ဖော်ပြပါ ပူပူနွေးနွေးချက်ပြုတ်စားသောက်နိုင်မည့် အစားအသောက်များကို ပေးပို့လှူဒါန်းရာ၌ မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့များထံသို့သာ လှူဒါန်းပေးရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ပြီး စခန်းအလိုက် တာဝန်ကျ ကျန်းမာရေးဝန်ထမ်းများကလည်း လှူဒါန်းလာသည့် အစားအသောက်များကို ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဝမ်းလျှောဝမ်းပျက်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အသည်းရောင်အသားဝါ၊ အေနှင့်အီးရောဂါ စသည့် မသန့်ရှင်းသည့်အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများမှ ကာကွယ်ရန်အတွက် ရိုးရှင်းလွယ်ကူထိရောက်ပြီး မဖြစ်မနေ ဆောင်ရွက်သင့်သည့် ကာကွယ်ရေးနည်းလမ်းမှာ အစာသန့်၊ လက်သန့်၊ ရေသန့်၊ အိမ်သာသန့်ဟူသော သန့်လေးသန့်ကို လိုက်နာဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ သန့်ရှင်းသည့်အစားအစာကို ရွေးချယ်စားသုံးရာတွင် ကျက်အောင်ချက်ပြုတ်ထားသည့် အစားအစာများကို ပူပူနွေးနွေးစားသုံးရန် လိုအပ်သကဲ့သို့ ယင်နားစာ၊ စားသုံးချိန်ကျော်လွန်နေသည့် အစာ၊ သိုးနေသည့်အစာ စသည့် မသန့်ရှင်းသည့် အစားအစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

သန့်ရှင်းသော သောက်ရေကိုသာ သောက်သုံးရမည်ဖြစ်ပြီး သောက်သုံးရေသည် FDA အသိအမှတ်ပြုသောက်ရေသန့် သို့မဟုတ် ရေသန့်စင်ဆေးပြားခတ်ထားသော ရေဖြစ်မှသာ သောက်သုံးရန်သင့်ပါသည်။ ထို့အတူ အစားအသောက်ပြင်ဆင်ချက်ပြုတ်ရာတွင်လည်းကောင်း၊ ပန်းကန်ဆေးရေ စသည့် ရေသုံးစွဲရာတွင်လည်းကောင်း ရေသန့်စင်ဆေးပြား သို့မဟုတ် ကလိုရင်းဆေးမှုန့် (Bleaching Powder) ခတ်ထားသောရေကိုသာ အသုံးပြုသင့်ပါသည်။

လက်သန့်စင်ရေးအတွက် အစားအသောက် မပြင်ဆင်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျ လက်ဆေးရမည်ဖြစ်ပြီး လက်သည်းရှည်များ ညှပ်ခြင်း၊ ရေချိုးသန့်စင်ခြင်းစသည့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အမြဲသတိပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

အညစ်အကြေးစွန့်ထုတ်ရာတွင် မိမိတို့နေထိုင်ရာ အနီးပတ်ဝန်းကျင်တွင် အလေး၊ အပေါ့သွားခြင်းနှင့် စားကြွင်းစားကျန် အမှိုက်သရိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ခြင်းကြောင့် မိမိတို့နေထိုင်ရာနေရာတွင် ကျန်းမာရေးထိခိုက်နိုင်သော မကောင်းသည့် အနံ့အသက်များရခြင်း၊ စွန့်ပစ်ရာ နေရာများတွင် ယင်ကောင်များပေါက်ပွားရာမှ ဝမ်းရောဂါကဲ့သို့ ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် လုံးဝရှောင်ကြဉ်ရမည်ဖြစ်ပြီး ယာယီနေထိုင်ရာ နေရာများတွင် စနစ်တကျဆောက်လုပ်ပေးထားသည့် ယင်လုံအိမ်သာများကိုသာအသုံးပြုခြင်းနှင့် စားကြွင်းစားကျန်များနှင့် အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ခြင်းတို့ကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထို့ပြင် ယခုကဲ့သို့ သင်္ကြန်အကြိုကာလတွင် မိုးရွာလေ့ရှိပြီး ရာသီဥတုပူပြင်းမှုကြောင့် ကူးစက်မြန်မျက်စိနာရောဂါကဲ့သို့ ရောဂါများဖြစ်ပွားနိုင်ခြေများပြားသည်ကို သတိပြုရမည် ဖြစ်ပါသည်။ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသည့် ကူးစက်မြန်မျက်စိနာရောဂါသည် ယာယီစုပေါင်းနေထိုင်ရာ နေရာများနှင့်စခန်းများတွင် တစ်ဦးမှတစ်ဦး အလွယ်တကူ ကူးစက်ပြန့်ပွားနိုင်ပါသည်။ ထို့ကြောင့် မျက်မှန်တပ်ဆင်သူများအနေဖြင့် မိမိမျက်မှန်သန့်ရှင်းစေရန်အတွက် မကြာခဏသန့်စင်ပေးရန် လိုအပ်ပြီး နေထိုင်ရာပတ်ဝန်းကျင်တွင် မျက်စိနာရောဂါဖြစ်ပွားသူရှိပါက ထိုသူ၏အဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ မျက်မှန် စသည့် အသုံးအဆောင်ပစ္စည်းများကို အခြားသူများနှင့် မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ဘဲ ထိုသူ၏ အဝတ်အစားများကို သီးသန့်လျှော်ဖွပ်သန့်စင်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယာယီ စုပေါင်းနေထိုင်ရာ နေရာများတွင် ရာသီတုပ်ကွေးရောဂါနှင့် တီဘီရောဂါကဲ့သို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သည့် ရောဂါများလည်း ကူးစက်ပြန့်ပွားနိုင်ပါသည်။ ထိုသို့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ကူးစက်ဖြစ်ပွားခြင်းမရှိစေရန် အအေးမိခြင်း၊ ဖျားနာခြင်း၊ နှာချေ၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းတို့ ဖြစ်ပွားသည့်အခါတွင် အခြားသူများအား ထပ်မံကူးစက်ခြင်း မဖြစ်စေရန် မိမိဘာသာ သီးခြားခွဲ၍ နေထိုင်ရန် လိုအပ်ပြီး နှာချေ၊ ချောင်းဆိုးသည့်အခါတွင် ပါးစပ်နှင့်နှာခေါင်းကို လုံအောင်အုပ်ရန်နှင့် အခြားသူများနှင့် ခပ်ခွာခွာနေရန် လိုအပ်ပါသည်။ ရက်သတ္တနှစ်ပတ်ကြာချောင်းဆိုးခြင်း၊ ညနေပိုင်းတွင်အဖျားငွေ့ငွေ့ဖျားခြင်း၊ လည်ပင်းအကျိတ်များထွက်ခြင်း၊ ကိုယ်အလေးချိန်များ ကျဆင်းလာခြင်းတို့ ခံစားရပါက တီဘီရောဂါသံသယအဖြစ် အခြားသူများနှင့် သီးခြားခွဲ၍နေထိုင်ပြီး ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ရောဂါရှာဖွေကုသမှု ခံယူရမည် ဖြစ်ပါသည်။

မိုးရွာသည့်အချိန် သို့မဟုတ် နံနက်ပိုင်း အအေးပိုလာချိန်တွင် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း စသည်တို့ ဖြစ်ပွားနိုင်ပြီး အသက်အရွယ်ကြီးရင့်သူများနှင့် အသက်ငါးနှစ်အောက်ကလေးငယ်များတွင်အအေးမိဖျားနာခြင်း၊ အဆုတ်အအေးမိ ရောင်ရမ်းခြင်းတို့ဖြစ်ပွားနိုင်၍ အအေးမမိစေရန် သတိပြုရမည်ဖြစ်ပါသည်။

ယာယီရွက်ဖျင်တဲများနှင့် ယာယီနေထိုင်ရာနေရာများတွင် ခြင်ကိုက်ခံရခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ စသည့် ခြင်မှတစ်ဆင့် ကူးစက်သည့်ရောဂါများနှင့် ခြင်၊ မှက်ကိုက်ခြင်းကြောင့် အရေပြားပေါ်တွင် ယားယံသည့် အဖုများနှင့် ယားနာများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်၍ ခြင်ကိုက်ခံရမှုမှ ကာကွယ်နိုင်ရန် ခြင်ထောင် သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာ အိပ်စက်ရန်ဖြစ်ပြီး နေထိုင်ရာ အနီးတစ်ဝိုက်ရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးဆောင်ရွက်ခြင်းနှင့် အဘိတ်ကဲ့သို့ ခြင်ကျားပိုးလောက်လမ်းသေဆေးခတ်ခြင်းနှင့်

*စာမျက်နှာ ၁၁ သို့*

**" ဝမ်းလျှောဝမ်းပျက်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အသည်းရောင်အသားဝါ၊ အေနှင့်အီးရောဂါ စသည့် မသန့်ရှင်းသည့်အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများမှ ကာကွယ်ရန်အတွက် ရိုးရှင်းလွယ်ကူထိရောက်ပြီး မဖြစ်မနေဆောင်ရွက်သင့်သည့် ကာကွယ်ရေးနည်းလမ်းမှာ အစာသန့်၊ လက်သန့်၊ ရေသန့်၊ အိမ်သာသန့်ဟူသော သန့်လေးသန့်ကို လိုက်နာဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ သန့်ရှင်းသည့်အစားအစာကို ရွေးချယ်စားသုံးရာတွင် ကျက်အောင် ချက်ပြုတ်ထားသည့် အစားအစာများကို ပူပူနွေးနွေးစားသုံးရန် လိုအပ်သကဲ့သို့ ယင်နားစာ၊ စားသုံးချိန်ကျော်လွန်နေသည့်အစာ၊ သိုးနေသည့်အစာ စသည့် မသန့်ရှင်းသည့် အစားအစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ရမည် "**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၄**
မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်ကိုလည်းကောင်း၊ ၎င်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသောနေရာများ၌ ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ် (စစ်ကိုင်း)၊ ပိုးတန်းရပ်ကွက်နှင့် နန်းစုရပ်ကွက်တို့ရှိ လူအနေအဆောက်အအုံတို့၌ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့၊ အမရပူရမြို့နယ် ရွှေအိုးရရွှေဖားရကျောင်းတိုက် ပြိုကျပျက်စီးခဲ့သော အပျက်အစီးများ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

စေတီ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်စေတီတော်များရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများ၊ အရံစေတီများ ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့၏ ယာယီဆေးရုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများ

များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ နန်းမြို့ရိုးသို့ သွားရောက်၍ ရတနာပုံဥယျာဉ် လမ်းမတစ်လျှောက် အများပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ မြို့ရိုးအရှေ့ဘက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လွန်ကဲ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့၊ လူနေအဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ်၊ ရှမ်းရွာကျေးရွာအုပ်စု မေတ္တာစွမ်းရည်ရွှေသိမ်တော်ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ပြာသာဒ်နေရာတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများ၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းနေရာ၊ ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုမီးသတ်ရုံးတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုများကို တွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်များ ပေးအပ်သည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြေသာစံမြို့နယ်ရှိ Sky Villa ၊ ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel ၊ တရုတ်ဘုံကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိဝေသာလီမဟာဂန္ဓာရုံကျောင်းတိုက်၊ သမိဒ္ဓေါဒယ(ယောသီလရှင်ပရိယတ္တိစာသင်တိုက်နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ လုပ်ငန်းဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ပေးသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့၊ ကွမ်စီရင်ဗုဒ္ဓဘာသာတရုတ်ဘုံကျောင်း ပြိုကျပျက်စီးခဲ့သော အပျက်အစီးများကို ကြည့်ရှုစစ်ဆေးစဉ်။

မာကျူရီဟိုတယ်၊ ဘီကျင်ဟိုတယ်၊ တိုင်းသမဝါယမဦးစီးမှူးရုံးနှင့် ချမ်းအေးသာစံမြို့နယ်ရှိ အန္တရာယ်ရှိအဆောက်အအုံနေရာများသို့ သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်ဘုရား၊ Sky Villa ၊ အမရပူရမြို့နယ်ရှိ ရွှေအိုးရရွှေဖားရကျောင်းတိုက်၊ ကွမ်စီရင်ဗုဒ္ဓဘာသာတို့သည် MOTTAMA Foundationမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကာလတန်ဖိုး ငွေကျပ်သိန်း ၂၂၀၀ တန်ဖိုးရှိ လူနေမိုးကာတဲ အလုံး ၄၀၀ ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဆည်မြို့ သင်တောင်းကြီးကျေးရွာရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရား၌ ရွှေသင်္ကန်းကပ်လှူခြင်း၊ ကျောက်ဆည်မြို့ ကြက်မင်းတွန်

*စာမျက်နှာ ၁၃ သို့*

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးတိုင်း(အနောက်ခြမ်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ပဲခူး မေ ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပဲခူးတိုင်း (အနောက်ခြမ်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် ညောင်ပိုင်းကျေးရွာအုပ်စု၌ မွေးမြူရေးလုပ်ငန်းရှင်က ဒေသကြက်ကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဒေသကြက်ကို သဘာဝအတိုင်း မွေးမြူရန်၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့်သာ ကျွေးမွေးသွားရန်၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ မွေးမြူရေးဆိုင်ရာ အသိပညာများဖြန့်ဝေပေးနိုင်ရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်အသစ်များ ထပ်မံတိုးပွားလာစေရေး စည်းရုံးဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် ထိန်တောမြို့ ထိန်တောဈေးသစ်တည်ဆောက်ပြီးစီးမှုနှင့် ဈေးရောင်းချနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး မီးဘေးအန္တရာယ်အထူးဂရုပြုရန်၊ ဈေးအတွင်း/အပြင် သန့်ရှင်းရေးစနစ်တကျဆောင်ရွက်ရန်၊ ကိုယ်တိုင်စိုက်ပျိုးမွေးမြူသူများအားဖိတ်ခေါ်၍ လက်လီအဆင့်ဆင့်မရှိစေဘဲ စားသုံးသူများထံ တိုက်ရိုက်ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လက်ပံတန်းမြို့နယ် ခမုံဆိပ်ကျေးရွာအုပ်စုရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးမင်းမင်းထွန်း၏ ကာကီကင်း အမျိုးအစား ဥစားဘဲကောင်ရေ ၂၀၀၀ စမ်းသပ်မွေးမြူထားရှိမှုကို ကြည့်ရှုပြီး ဒေသဝက်၊ ဒေသကြက်များလည်း တိုးချဲ့မွေးမြူသွားရန်နှင့် လုပ်ငန်းတူမွေးမြူရေးလုပ်ငန်းရှင် အစုအဖွဲ့များဖွဲ့စည်း၍ ချေးငွေရရှိရေးဆောင်ရွက်ပေးရန်နှင့် ဘက်စုံမွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် မွေးမြူရေးမှထွက်ရှိလာသည့် ကုန်ကြမ်းများကို ကုန်ချောအဆင့်အထိ ကိုယ်တိုင်ထုတ်လုပ်ရောင်းချနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ဖိုးကတိုးကျေးရွာအုပ်စု၌ တောင်သူဦးကြာပန်း၏ နွေစပါးမျိုးစေ့ထုတ်စိုက်ခင်းအောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး နွေစပါးစိုက်ခင်းများ ရေလိုအပ်ချက်မရှိစေရေး ဆောင်ရွက်ပေးရန်၊ ဆိုလာရေတင်စနစ် အသုံးပြုနိုင်ရေး ချိတ်ဆက်ပေးရန်၊ ဈေးကွက်အတွင်း ထိုက်သင့်သည့် ဈေးနှုန်းရရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ နန်းမြို့ရိုး အရှေ့ဘက်ရှိ ရတနာပုံဥယျာဉ်လမ်းမတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၁၂ မှ*

ရပ်ကွက်ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ သန့်ရှင်းရေးပြုလုပ်နေမှုများကို လည်းကောင်း၊ ယာယီဈေးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်မည့် စည်ပင်သာယာရေးပိုင် နယ်နိမိတ်ဖြစ်သော ဖောင်းရွာရပ်ကွက်၊ ဖောင်းရွာကွင်း၌ မြေနေရာရှင်းလင်းဖော်ထုတ်နေမှုများကို လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် မင်းကုန်းမဟာစာသင်တိုက်မှ ကျောင်းဆောင်များအား SOP ဖြင့် စစ်ဆေးခဲ့ပြီး အန္တရာယ်ရှိလေးထပ်ဆောင်အဆောက်အအုံ ဖြိုဖျက်ရှင်းလင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ် ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိအဆောက်အအုံ ၁၁၆၇ လုံးအား စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီး ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့်အန္တရာယ်ရှိ အဆောက်အအုံ ၂၃၃ လုံး၊ ပြန်လည်ပြုပြင်နိုင်မည့်အဆောက်အအုံအလုံး ၈၃၀၊ အန္တရာယ်ရှိအဆောက်အအုံများမှ ၁၆၁ လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၇၂ လုံးဖြစ်ကြောင်း သိရသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စု ချည်မျှင်လုပ်သားကျေးရွာရှိ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ပန်ဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (ပုလိပ်)၊ မြောက်ကိုင်းကျေးရွာအုပ်စု ဆယ့်နှစ်ကိုင်းကျေးရွာရှိ EABC(Europe & Asia Beverages Co.,Ltd) စက်ရုံနှင့် ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာ Htike Htike အထည်ချုပ်စက်ရုံများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ်၊ ရှမ်းရွာကျေးရွာအုပ်စုရှိ မေတ္တာစွမ်းရည်ရွှေသိမ်တော်ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ကျောက်ဆည်ခရိုင်အတွင်း ထိခိုက်ပျက်စီးသွားသော အခြေခံပညာကျောင်း ၃၂၀ ရှိရာ မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အခြေခံပညာအထက်တန်းကျောင်းများအားလုံး၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ပြိုကျပျက်စီးသွားသောအပျက်အစီးများကို ဖယ်ရှားခြင်းနှင့် ကျောင်းအတွင်း/အပြင် သန့်ရှင်းရေးတို့ကို အပြီးသတ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကျောက်ဆည်ခရိုင်အတွင်း ထိခိုက် ပျက်စီးသွားသော အခြေခံပညာကျောင်း ၃၂၀ မှ အပျက်အစီးများကို ဖယ်ရှားခြင်းနှင့် ကျောင်းအတွင်း/အပြင် သန့်ရှင်းရေးတို့ကို အပြီးသတ်ဆောင်ရွက်ပေးခဲ့စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် Sky Villa အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစဉ်။

# အခွန်စည်းကြပ်မှုများကြောင့် ခေါင်းခဲမှုများ ဖြစ်ပေါ်နေစဉ် ဂျီ ၂၀ ဘဏ္ဍာရေး အကြီးအကဲများတွေ့ဆုံ

**ဝါရှင်တန် မေ ၂၄**
ဂျီ ၂၀ အဖွဲ့ဝင်နိုင်ငံများမှ ဗဟိုဘဏ် အကြီးအကဲများနှင့် ဘဏ္ဍာရေးဝန်ကြီးများသည် မေ ၂၃ ရက်က ဝါရှင်တန်၌ပြုလုပ်သည့် နှစ်ရက်ကြာ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

တစ်ကမ္ဘာလုံးဆိုင်ရာစီးပွားရေး စိန်ခေါ်မှုများကို ဆွေးနွေးရန်အတွက် တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့၏အဓိက အာရုံစိုက်မှုမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်စည်းကြပ်မှုမူဝါဒကို ဆန့်ကျင်ရာတွင် တညီတညွတ်တည်း ဆန့်ကျင်မှုကို ပြသကြရန်ပင်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ဂျပန်ဘဏ္ဍာရေးဝန်ကြီး ကာတို ခက်ဆုနိုဘူ တက်ရောက်ခဲ့သည်။ ဂျီ ၂၀ နိုင်ငံများမှ အဖွဲ့ဝင်များသည် လွတ်လပ်သော ကုန်သွယ်မှုသည် စီးပွားရေးတိုးတက်မှုကို တွန်းအားပေးသည်ဟု ရှုမြင်ကြသည်။

သို့သော်လည်း ထရမ့်၏ အခွန်စည်းကြပ်မှုမူဝါဒသည် စနစ်ကို မတည်မငြိမ်ဖြစ်စေနိုင်သည်ဟူသော စိုးရိမ်မှုများ ကြီးထွားလာစေခဲ့သည်။ ဂျပန်နိုင်ငံသည် အမေရိကန်၏ ကုန်သွယ်ရေးမူဝါဒများနှင့် တန်ပြန်အခွန်စည်းကြပ်မှု မူဝါဒများကြောင့် မသေချာမှုများကို ထောက်ပြခဲ့သည်ဟု အစည်းအဝေးပထမနေ့တွင် ကာတိုက ပြောကြားသည်။

ကမ္ဘာ့စီးပွားရေး တည်ငြိမ်မှုနှင့်ဘဏ္ဍာရေးဈေးကွက်တည်ငြိမ်မှုတို့ကိုထိန်းသိမ်းရန် နိုင်ငံများက လိုအပ်သလို အရေးတယူဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးတိုးတက်မှုများကို အနီးကပ်စောင့်ကြည့်ရန်နှင့် သတင်းအချက်အလက်များကို ဝေမျှပြီး လိုက်လျောညီထွေဖြစ်အောင် ပူးပေါင်းဆောင်ရွက်ကြရန်




တိုက်တွန်းကြောင်း ၎င်းက ပြောသည်။

၎င်းသည် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကောက်ဘက်ဆန့်နှင့် မေ ၂၄ ရက်တွင် တွေ့ဆုံခဲ့သည်။ **ဆင်ဟွာ**

## လစ်ဗျားနိုင်ငံမှ ကယ်တင်လာသည့် ခိုလှုံခွင့်တောင်းခံသူ ၁၃၇ ဦး ရဝမ်ဒါနိုင်ငံသို့ ရောက်ရှိ

**ကီဂါလီ မေ ၂၄**
ရဝမ်ဒါနိုင်ငံသည် မေ ၂၃ ရက်နှောင်းပိုင်း လစ်ဗျားနိုင်ငံမှ ခိုလှုံခွင့်တောင်းခံသူ ၁၃၇ ဦး ကို လက်ခံရရှိခဲ့ကြောင်း အရေးပေါ်စီမံကွပ်ကဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ရဝမ်ဒါနိုင်ငံသို့ ရောက်ရှိနေသည့် ခိုလှုံခွင့်တောင်းခံသူများထဲတွင် အီသီယိုးပီးယား၊ အီရီထရီးယားနှင့် တောင်ဆူဒန်တို့မှ လူများပါဝင်ပြီး အများစုမှ ဆူဒန်မှ ဖြစ်ကြသည်ဟု ဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်သည်။ ကယ်ဆယ်ထားသူများကို ရဝမ်ဒါအရှေ့ပိုင်းရှိ ဂါရှိုရာ စင်တာ၌ ယာယီထားရှိမည်ဖြစ်သည်။

ထိုမှတစ်ဆင့် အခြားသော နိုင်ငံများသို့ ခွဲဝေချထားမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ ၂၀၁၉ ခုနှစ်မှစ၍ ခိုလှုံခွင့်တောင်းခံသူပေါင်း ၂၇၆၀ ကို ကယ်တင်နိုင်ခဲ့ပြီး ၂၁၀၀ ကို အခြားသော နိုင်ငံများတွင် အခြေချနေထိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။ **ဆင်ဟွာ**

## အရှေ့တောင်အာရှတွင် ဖြစ်ပေါ်နေသည့် ဆိုက်ဘာလိမ်လည်မှုကွန်ရက်များ ကူးစက်မှုအဆင့်အထိ ရောက်ရှိသွားပြီဟု ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြ

**ဂျီနီဗာ မေ ၂၄**
အရှေ့တောင်အာရှတွင်ဖြစ်ပေါ်နေသည့် ဆိုက်ဘာလိမ်လည်မှုကွန်ရက်များသည် ကူးစက်မှုအဆင့်ထိ ရောက်ရှိသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ အဆိုပါဆိုက်ဘာလိမ်လည်မှုများသည် ယခုအခါတွင် တောင်အမေရိကနှင့် အာဖရိကကဲ့သို့သောနေရာများအပါအဝင် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်သည်။

အရှေ့တောင်အာရှ အစိုးရများသည် ဆိုက်ဘာလိမ်လည်မှုများကို အရှိန်အဟုန်ဖြင့် နှိမ်နင်းဖြိုခွဲလျက်ရှိချိန် မေ ၂၁ ရက်တွင် ကုလသမဂ္ဂ၏ အစီရင်ခံစာ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (ယူအန်အိုဒီစီ) က ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဖိလစ်ပိုင်နယ်စပ်ဒေသများတစ်လျှောက်တွင် ဆိုက်ဘာလိမ်လည်မှုပေါင်းများစွာ ဖြစ်ပေါ်ခဲ့ပြီး ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းထိ ပျံ့နှံ့ရောက်ရှိလာခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆိုက်ဘာလိမ်လည်မှုများကို ကျူးလွန်ကြသူများသည် တခြားကမ္ဘာ့နိုင်ငံများမှ ရာဇဝတ်ဂိုဏ်းအုပ်စုများနှင့်ပူးပေါင်းပြီး ၎င်းတို့၏ လိမ်လည်မှုများကို ချဲ့ထွင်လုပ်ကိုင်လျက်ရှိကြောင်းနှင့် အေအိုင်နည်းပညာသုံးဝန်ဆောင်မှုများနှင့်ပါ တွဲဖက်လုပ်ကိုင်လျက်ရှိကြောင်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံးက ဆက်လက်ပြောကြားသည်။

အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူအင်န်အိုဒီစီ ယာယီကိုယ်စားလှယ် ဘန်နီဒက်ဟော့ဖ်မင်းန်က အဆိုပါရာဇဝတ်မှု ကွန်ရက်များသည် ကင်ဆာကဲ့သို့ ပျံ့နှံ့ကူးစက်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များက နေရာဒေသတစ်ခုကို နှိမ်နင်းဖြိုခွင်းလိုက်လျှင် တောင်မှ အခြားနေရာတွင် ပုံသဏ္ဍာန်တစ်မျိုးမျိုးဖြင့် ပြန်လည်ပေါ်ပေါက်လာမည်ဖြစ်ပြီး မည်သည့်အချိန်မှ ပျောက်ကွယ်သွားမည်မဟုတ်ကြောင်း၊ ရာဇဝတ်မှုကွန်ရက်များသည် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေမည်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂက အရှေ့တောင်အာရှအစိုးရများကို အဆိုပါရာဇဝတ်မှုကွန်ရက်များကို ပိုမိုနှိမ်နင်းဖြိုခွင်းရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**



## အစ္စတန်ဘူလ်၌ ငလျင်လှုပ်ပြီး အဆောက်အအုံပြိုကျမည့်အန္တရာယ်ကို စိုးရိမ်သဖြင့် မြို့နေပြည်သူ တစ်သိန်းကျော် အဆောက်အအုံပြင်ပ လမ်းမများပေါ်၌ တစ်ညတာကုန်ဆုံး

**အစ္စတန်ဘူလ် မေ ၂၄**
တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု မေ ၂၃ ရက်က လှုပ်ပြီးနောက် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်လာမည့် အန္တရာယ်ကို ထိတ်လန့်ကြောက်ရွံ့နေကြသည့် မြို့နေပြည်သူ တစ်သိန်းကျော်တို့သည် ၎င်းတို့၏အဆောက်အအုံအပြင်ဘက် လမ်းမများပေါ်၌ တစ်ညတာကုန်ဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ပြောကြားသည်။

အစ္စတန်ဘူလ်တွင် မေ ၂၄ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ယာလီကာယာက ငလျင်ဘေးဒဏ်ခံစားခဲ့ရသူ ၁၀၁၀၀၀ ခန့်အတွက် ယာယီတည်းခိုရေးစခန်းများကို မြို့တော်တစ်ဝန်းဖွင့်လှစ်ပေးခဲ့သည်။ စားရေရိက္ခာများကို ရွေ့လျားစနစ်ဖြင့် ဝေပေးခဲ့ပြီး ရွက်ဖျင်တဲများကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း ပြောသည်။

မေ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီအချိန်အထိ နောက်ဆက်တွဲငလျင်ငယ်ပေါင်း ၂၆၆ ခု လှုပ်ခဲ့ကြောင်း တိုင်းထွာရရှိခဲ့သည်။ သဘာဝပတ်ဝန်းကျင်၊ မြို့ပြနှင့် ရာသီဥတုပြောင်းလဲရေးဝန်ကြီး မူရတ်ကူရန်က ဖာတစ်ဒေသရှိ စွန့်ပစ်ထားသော အဆောက်အအုံကြီးတစ်လုံးမှလွဲ၍ မြို့တွင်းရှိ မည်သည့် လူနေအဆောက်အအုံမှ ပြိုကျခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

ငလျင်လှုပ်မှုကြောင့် လူပေါင်း ၆၀ ခန့် ဆေးရုံများတွင် ဆေးဝါးကုသမှုခံယူနေကြောင်း ကျန်းမာရေးဝန်ကြီး ကီမယ်မီမီဆိုဂလူက ဖော်ပြခဲ့သည်။ ၎င်းတို့မှာ ငလျင်လှုပ်သဖြင့် အဆောက်အအုံများပြိုကျမည်ကို စိုးရိမ်ပြီး တိုးဝှေ့ထွက်ပြေးကြခြင်းကြောင့်လည်းကောင်း၊ အထပ်မြင့်အဆောက်အအုံများမှ ထိတ်လန့်တကြား ခုန်ချခြင်းကြောင့်လည်းကောင်း ဒဏ်ရာရရှိပြီး ယခုလို ဆေးရုံတက်၍ ဆေးဝါးကုသမှုခံယူနေရခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူစုစုပေါင်း ၂၃၆ ဦးရှိပြီး သေဆုံးသူမရှိကြောင်း သိရသည်။ ငလျင်ဗဟိုချက်သည် အစ္စတန်ဘူလ်ကမ်းလွန် မာမရပင်လယ်ပြင်ကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**




## အမေရိကန် အနောက်ဗာဂျီးနီးယားရှိ စက်ရုံ၌ တိုယိုတာက ဒေါ်လာ ၈၈ သန်း ထပ်မံရင်းနှီးမြှုပ်နှံမည်

**တိုကျို မေ ၂၄**
အမေရိကန် ပြည်ထောင်စု အနောက်ဗာဂျီးနီးယားပြည်နယ်ရှိ ကားထုတ်လုပ်ရေး စက်ရုံ၌ တိုယိုတာကားကုမ္ပဏီက ထုတ်လုပ်မှုများ တိုးချဲ့ရန်အတွက် နောက်ထပ် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဟု တိုယိုတာကုမ္ပဏီက ပြောသည်။

အမေရိကန်သမ္မတ ထရမ့်အစိုးရအဖွဲ့၏ အမေရိကန်တွင် ထုတ်လုပ်မှုများ ပို၍ဆွဲဆောင်နိုင်ရန် ကြိုးပမ်းအားထုတ်မှုများကြားတွင် ဂျပန်နိုင်ငံ၏ အကြီးဆုံးကားထုတ်လုပ်ရေး ကုမ္ပဏီကြီးက ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

တိုယိုတာ ကုမ္ပဏီသည် အဆိုပါစက်ရုံ၌ ဟိုက်ဘရစ်ကားအစိတ်အပိုင်းများ ထုတ်လုပ်မှုလိုင်း တည်ဆောက်ရန်အတွက် ဒေါ်လာ ၈၈ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဟု ပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ် နှောင်းပိုင်းတွင် စက်ရုံ လည်ပတ်သွားမည်ဟု မျှော်မှန်းထားသည်။ အဆိုပါစက်ရုံသည် လက်ရှိတွင် စက်အင်ဂျင်များနှင့်အခြားသောအစိတ်အပိုင်းများ ထုတ်လုပ်လျက်ရှိသည်။

နောက်ထပ် ရင်းနှီးမြှုပ်နှံမှုများပါ ထပ်ပေါင်းလျှင် တိုယိုတာ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံ ရှိလာတော့မည်ဖြစ်သည်။

အမေရိကန်စီးပွားရေး အသိုက်အဝန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အလုပ်အကိုင်နှင့် ရင်းနှီးမြှုပ်နှံမှုများတွင် တိုယိုတာကုမ္ပဏီက ဆက်လက်ပံ့ပိုးပါဝင်သွားမည်ဟု ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၂၄**

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ ဘုရားစေတီ၊ ဘာသာရေး အဆောက်အအုံများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကူညီထောက်ပံ့ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ငလျင်ဒဏ်သင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ငလျင်ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်း တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ငလျင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပင်းတယမြို့ မြောက်ကျောင်းကြီးဘုရားတိုက်နှင့် စေတီကြီးကျောင်းတိုက်များသို့ သွားရောက်၍ ကျောင်းတိုက်များအတွင်း၌ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုကြပြီး ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အောင်ဇေရန်အောင် ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခလူးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၂၇ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မက်မန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မက်မန်း ဧပြီ ၂၄**

ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက ဝိန်းနောင်အုပ်စု၊ ခါနန်ကျေးရွာသို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်သည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မက်မန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးထွန်းလင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မိမိဌာန တစ်ခုချင်းစီမှ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ခါနန်ကျေးရွာ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ကျန်းမာရေးနှင့် ပညာရေး စသည်တို့ကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြသည်။

ထို့နောက် ဝိန်းနောင်အုပ်စု ခါနန်ကျေးရွာ ကျေးရွာသူ ကျေးရွာသားများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းစကား လက်ကမ်းစာစောင်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေဇက်ထွန်း(မက်မန်း)**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြေကြီးက ရွှေသီးစေရေး မျိုးသန့်မျိုးစေ့ထိန်းသိမ်းပေး

**မျိုးလို့ ပြောလိုက်တာနဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ကိုဆိုလိုတယ်လို့ တောင်သူလယ်သမားတွေရော၊ မျိုးစေ့ထုတ်လုပ်သူတွေရော၊ မျိုးစေ့ဖြန့်ဖြူးရောင်းချသူတွေရော သိကြပါတယ်။**

ငပို

ဒါဆို မျိုးကောင်းဆိုတာဘာလဲ။ - မျိုးကောင်းဆိုတာ သူ့ရဲ့မူလဗီဇကိုက အထွက်ကောင်းမယ် (သို့မဟုတ်) အရည်အသွေးကောင်းမယ် (သို့မဟုတ်) ပိုးမွှားရောဂါဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်မယ် (သို့မဟုတ်) ခါတ်မြေဩဇာကို တုံ့ပြန်မှုကောင်းမယ်(သို့မဟုတ်)ယိုင်လဲမှုဒဏ်ခံနိုင်မယ်(သို့မဟုတ်) အဲဒီအချက်တွေ တစ်ခုထက်မကပါမယ် စတဲ့သီးနှံတစ်ခုအတွက် ကောင်းတဲ့ လက္ခဏာတွေပါဝင်နေတဲ့ မျိုးတစ်မျိုးကို **မျိုးကောင်း**လို့ခေါ်ရပါမယ်။

မျိုးကောင်း အသစ်တစ်မျိုး ရဖို့ဆိုရင် သီးနှံပေါ်မူတည်ပြီး ၁၀ နှစ်ကြာမလား၊ ၁၅ နှစ်ကြာမလား မပြောနိုင်ပါဘူး။ သားဆက်တစ်ခုရဖို့အတွက် အရင်ဦးဆုံးမိဘတွေ လိုတာပေါ့။ မိဘပင်တွေမှာ ကျွန်တော်တို့ လိုချင်တဲ့လက္ခဏာတွေ (ဥပမာ - အထွက်ကောင်းတာ၊ အရည်အသွေးကောင်းတာ၊ ပိုးမွှားရောဂါ ဒဏ်ခံနိုင်တာ၊ ရာသီဥတုဒဏ်ခံနိုင်တာ၊ ရေငတ်ခံနိုင်တာ၊ ဆားငန်ဒဏ်ခံနိုင်တာ၊ အရပ်ပုတာ၊ အရပ်ရှည်တာစသည်ဖြင့်) ပါအောင် အရင်ဆုံးစုဆောင်းလို့ရသမျှမျိုးတွေကို စိုက်ကြည့်ရတာက စရပါမယ်။ ပြီးမှ ကိုယ်လိုချင်တဲ့လက္ခဏာပါတဲ့ မျိုးလိုင်းတွေကို ရွေးချယ်ရမယ်။ ပြီးမှမျိုးစပ်ရမယ်။ မျိုးစပ်ပြီးရလာတဲ့ မျိုးလိုင်းအသစ်တွေကို ပြန်စမ်းသပ်စိုက်ကြည့်ရပါတယ်။

ကိုယ်လိုချင်တဲ့ လက္ခဏာတွေမပါရင် အစက ပြန်လုပ်ရမယ်။ တစ်ခါလုပ်ရင် အနည်းဆုံးသီးနှံတစ်ရာသီဆိုတော့ စဉ်းစားသာကြည့်ဗျို့။ ဘယ်လောက်ကြာမလဲဆိုတာ။ ဒါကြောင့် များသောအားဖြင့် **မျိုးစပ်ပညာရှင်တွေဟာ မျိုးနှစ်မျိုး၊ သုံးမျိုး ရဖို့အတွက် သူတို့ တစ်ဘဝလုံးရဲ့ အချိန်အများစုကို စတေးရတာပေါ့**။ မျိုးကောင်းတစ်မျိုးရဲ့ တန်ဖိုးကို သိစေချင်လို့ တင်ပြတာပါ။

ပြီးတော့ အားလုံးသိကြတဲ့အတိုင်း မျိုးစေ့မှာ စပ်မျိုးနဲ့ သဘာဝဝတ်မှုန်ကူးမျိုးဆိုပြီး ယေဘုယျအားဖြင့် နှစ်မျိုးရှိပါတယ်။ သဘာဝဝတ်မှုန်ကူးမျိုးဆိုတာကတော့ အကြမ်းအားဖြင့် ကိုယ့်မျိုးကိုယ်ပြန်ထားလို့ရတဲ့ မျိုးတွေကိုဆိုလိုတာပါ။ ကျွန်တော်တို့နိုင်ငံက စပါးမျိုးအများစုဟာ အဲဒီလိုမျိုးတွေဖြစ်ပါတယ်။ ကျွန်တော်ပြောခဲ့တဲ့ ကိုယ့်လယ်မှာ ကိုယ့်မျိုးသန့်ထိန်းတာက ဒီလိုသဘာဝဝတ်မှုန်ကူးမျိုးတွေကိုပဲ လုပ်လို့ရမှာဖြစ်ပါတယ်။ **စပ်မျိုးတွေမှာတော့ ကိုယ့်မျိုးကိုယ်ထား၊ ကိုယ့်လယ်မှာ ကိုယ့်မျိုးသန့် ထိန်းလို့မရဘူးဆိုတာကိုတော့ သေချာသိထားဖို့ လိုပါတယ်။**

### ဒုတိယသားဆက်တွေကို စိုက်ပျိုးမယ်ဆိုရင် ကြီးမားတဲ့ဆုံးရှုံးမှုတွေကို ကြုံတွေ့ရမှာဖြစ်

စပ်မျိုးတွေကို စိုက်ပျိုးပြီးရရှိလာတဲ့ မျိုးစေ့ (ဒုတိယသားဆက်)တွေကို ပြန်လည်စိုက်ပျိုးမယ်ဆိုရင် အပင်များ ညီညာမှုမရှိခြင်း၊ အသီးအရွယ်များ မညီညာခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်စွမ်းနည်းပါးလာခြင်းနဲ့ နောက်ဆုံးအထွက်နှုန်းရော အရည်အသွေးပါ လျော့နည်းကျဆင်းခြင်းတို့ကို ကြုံတွေ့ရမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ဒီလိုဒုတိယသားဆက်တွေကို စိုက်ပျိုးမယ်ဆိုရင် ကြီးမားတဲ့ဆုံးရှုံးမှုတွေကိုကြုံတွေ့ရမှာဖြစ်ပါကြောင်းကိုတော့ လေးလေးနက်နက် အသိပေးချင်ပါတယ်။



အောင်မြင်ဖြစ်ထွန်းနေသည့် သီးနှံစိုက်ခင်းများကို တွေ့ရစဉ်။

ဒါကတစ်ပိုင်းပေါ့။ နောက်တစ်ပိုင်းက သဘာဝဝတ်မှုန်ကူးမျိုးတွေကို ကိုယ့်မျိုးကိုယ် မျိုးသန့်အဖြစ် ထိန်းသိမ်းမယ်ဆိုရင်လည်း သတိထားသင့်တဲ့ အချက်လေးတွေ ရှိပါသေးတယ်။

မျိုးသန့်ဆိုတာကရော။ မျိုးတစ်မျိုးရဲ့ မျိုးစေ့ထဲမှာ အခြားမျိုးကွဲတွေ ရောပါနေတာ၊ (ဥပမာ - ရောမင်းမျိုးထဲမှာ ပေါ်ဆန်းစေ့တွေ ပါနေတာ၊ မနောသုခစေ့တွေ ပါနေတာ) ပေါင်းမြက်စေ့တွေ ပါနေတာ၊ အဖျင်းအမှော်၊ ဖုန်ခဲသဲတွေ ရောပါနေတာ မရှိဘဲ သန့်တဲ့မျိုးစေ့ကို မျိုးသန့်လို့ ပြောတာပါ။

မျိုးကောင်းမျိုးသန့်တစ်မျိုးရဖို့မှာ မျိုးကောင်းရဖို့အတွက်ကတော့ မျိုးစေ့နဲ့ဆိုင်တဲ့ ပညာရပ်ပိုင်းလိုအပ်ပါတယ်။ မျိုးတစ်မျိုးရဲ့ မူလဗီဇမှာကိုက အထွက်ကောင်းတဲ့၊ အရည်အသွေးကောင်းတဲ့၊ ပိုးဒဏ်၊ ရာသီဒဏ်ခံနိုင်တဲ့ လက္ခဏာတွေပါတဲ့ မျိုးတစ်မျိုးရဖို့ မျိုးစပ်တာ၊ မျိုးထွန်းအောင် ဖန်တီးတာ၊ ဇီဝနည်းတွေနဲ့ ပြုပြင်တာတွေလုပ်ဖို့ လိုအပ်တာဖြစ်တဲ့အတွက် မျိုးစေ့ပညာရှင်တွေကပဲ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့လက်ထဲမှာ ရှိနေတဲ့မျိုး၊ ကောင်းနေတဲ့မျိုးကို သန့်အောင်လုပ်ဖို့အတွက်တော့ တစ်နည်းအားဖြင့် မျိုးသန့်ရဖို့ကတော့ တောင်သူလယ်သမားတွေ၊ မျိုးစေ့ထုတ်လုပ်သူတွေ၊ မျိုးစေ့ဖြန့်ဖြူးရောင်းချသူတွေ ဘယ်သူမဆို ဆောင်ရွက်နိုင်ပါတယ်။ ကျွန်တော်တို့လက်ထဲမှာ ရှိပြီးသားမျိုးကောင်းတစ်မျိုးကို မျိုးသန့်ဖြစ်ဖို့ စိုက်ခင်းမှာကတည်းက ဆောင်ရွက်ဖို့တော့လိုပါတယ်။

စိုက်ခင်းထဲမှာ မညီမညာဖြစ်နေတဲ့ အပင်တွေ၊ ပုံသဏ္ဌာန် ကွဲပြားနေတဲ့အပင်တွေ၊ အရောင်ကွဲပြားနေတဲ့အပင်တွေ၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန် မတူညီတဲ့ အပင်တွေကို နုတ်ပစ် (ဒါမှမဟုတ်) အဲဒီအပင်တွေကို မရွေးဘဲ ညီညာမှုရှိတဲ့၊ ပုံသဏ္ဌာန်တူတဲ့၊ အပင်အရပ်၊ အရွယ်တူတဲ့၊ ပန်းပွင့်ချိန်တူတဲ့၊ ရင့်မှည့်ချိန်တူတဲ့အပင်တွေ၊ အရုံတွေထဲက အနှံ၊ အသီးတွေကို ရွေးပြီး မျိုးအဖြစ် သီးသန့်ရိတ်သိမ်းရမှာဖြစ်ပါတယ်။

ရိတ်သိမ်းပြီးရင်လည်း ပေါင်းမြက်တွေ၊ အဖျင်းအမှော်၊ ဖုန်ခဲသဲတွေ ပြောင်စင်အောင် ပြာတီးသန့်စင်ရမှာပါ။ ဒါဆို မျိုးကောင်းမျိုးသန့်မျိုးစေ့တွေကို ဈေးကြီးကြီးပေးပြီး ဝယ်စရာမလို၊ အချိန်ကုန်၊ လူပန်း၊ ငွေကုန်ခံပြီး လိုက်ရှာနေစရာမလိုဘဲ ကိုယ့်လယ်မှာပဲ ထုတ်လုပ်နိုင်ပါပြီ။

### သေချာပြောင်စင်အောင် သန့်ရှင်းဖို့လို

ဥပမာပြောရရင် စပါးမျိုးနှစ်မျိုး စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေအနေနဲ့ အခြောက်လှန်းချိန်မှာ မိုးကာ တစ်ချပ်တည်းကို သုံးမယ်ဆိုရင် တစ်မျိုးလှန်းပြီး နောက်တစ်မျိုးလှန်းချိန်မှာ မိုးကာကို သေသေချာချာသန့်ရှင်းပြီးမှ အသုံးပြုရန် လိုအပ်ပါတယ်။ ဒီလိုပဲ ဆန်ကောဆန်ခါတွေကိုလည်း တစ်မျိုးပြီးရင် နောက်တစ်မျိုးမသုံးခင် သေချာစွာသန့်ရှင်းဖို့လိုပါတယ်။ မျိုးရောနိုင်ပြီး မျိုးသန့်စင်ဖို့အတွက် အန္တရာယ်အကြီးဆုံး လုပ်ငန်းအဆင့်တွေဖြစ်ပါတယ်။ ရိတ်သိမ်းချိန်မှာလည်း ရိတ်သိမ်းခြွေလှေ့စက်တစ်စီးပဲ သုံးမယ်ဆိုရင် သေချာပြောင်စင်အောင် သန့်ရှင်းဖို့လိုမှာ ဖြစ်ပါတယ်။

တောင်သူကြီးတွေအနေနဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်တဲ့ နိုင်ငံခြားကုမ္ပဏီကြီးတွေဆိုပြီး အထင်ကြီးနေစရာမဟုတ်ပါ၊ သူတို့လည်း ဒီနည်းကိုပဲ အသုံးပြုပြီး ထုတ်လုပ်ကြတာဖြစ်ပါတယ်။ သူတို့ကတော့ ဧရိယာကျယ်ကျယ်ပြန့်ပြန့်ထုတ်တဲ့အတွက် အခြောက်ခံစက်တွေ၊ မျိုးစေ့သန့်စင်စက်တွေ သုံးကြတာပါ။ တောင်သူတွေကတော့ နေလှန်းတယ်။ ဆန်ကောဆန်ခါတွေနဲ့ ပြာတီးသန့်စင်တယ် ဒါပဲကွာခြားတာဖြစ်ပါတယ်။

တစ်ခုပဲရှိတယ်၊ ကိုယ့်မှာရှိနေတဲ့ မျိုးကတော့ မျိုးရဲ့ အရင်းအမြစ်မှန်ဖို့တော့လိုတယ်။ ဒီမျိုးကို ကိုယ်ဘယ်ကရသလဲ၊ စိုက်ပျိုးရေးသုတေသနခြံတွေကလား၊ စိုက်ပျိုးရေး မျိုးစေ့ခြံတွေကလား၊ ဒီလိုခြံတွေမှာတော့ မျိုးစေ့ပညာရှင်တွေလည်းရှိတော့ မျိုးကောင်းဖို့အတွက် စိတ်ချရမှာပါ။ အဲဒီလိုမျိုး တစ်မျိုးရပြီးရင် ကိုယ့်လယ်မှာ သုံးနှစ်လောက် မျိုးသန့်အောင်ထိန်းပြီး ပြန်လည်အသုံးပြု စိုက်ပျိုးနိုင်တဲ့အတွက် မျိုးစေ့ဖိုး အပိုငွေမသုံးရဘဲ မျိုးကလည်း ကိုယ်ကိုယ်တိုင် လုပ်ထားတဲ့အတွက် စိတ်ချရတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ရရှိနိုင်မှာဖြစ်ပါတယ်။

ဒီလိုစဉ်းစားကြည့်ကြပါစို့ - လယ်ငါးဧကရှိတဲ့ တောင်သူတစ်ယောက်က စပါးမျိုးကောင်း မျိုးသန့်မျိုးစေ့ကို ဒသမ ၁၀ (၀ ဒသမ ၁၀)ဧကစာပဲ ဝယ်ယူစိုက်ပျိုးပြီး အဲဒီ ၀ ဒသမ ၁၀ ဧကကို မျိုးသန့်အောင်ထိန်း၊ နောက်ရာသီမှာ ကိုယ့်လယ် ငါးဧကအတွက် အသုံးပြုလိုက်၊ နောက်နှစ်ရာသီ၊ သုံးရာသီလောက် မျိုးသန့်အောင်လုပ်ပြီး ဆက်သုံးနိုင်မယ်ဆိုရင် မျိုးစေ့ဖိုးအတွက် ကုန်ကျစရိတ် များစွာသက်သာသွားမှာဖြစ်သလို မျိုးကောင်းမျိုးသန့်မျိုးစေ့ကို အသုံးပြုစိုက်ပျိုးရတဲ့အတွက် အထွက်ကောင်း၊ အရည်အသွေးကောင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ပြီး ဈေးကောင်းလည်းရမယ့် ထွက်ကုန်တွေကို ထုတ်လုပ်နိုင်မှာဖြစ်ပါကြောင်း မျိုးကောင်းမျိုးသန့်မျိုးစေ့ သုံးစွဲနိုင်မယ့် ကွန်ချက်လေးအဖြစ် တင်ပြလိုက်ပါတယ်။

### မျိုးသန့်ထုတ်လုပ်တဲ့ စိုက်ခင်းတွေမှာ မျိုးရောတွေကို ပယ်နိုင်ဖို့ အဓိကအရေးကြီး

စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်နေကြတဲ့ တောင်သူကြီးတွေ၊ မျိုးစေ့ထုတ်သမအသင်းတွေ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်ငန်းတွေအနေနဲ့ကတော့ မျိုးသန့်ထုတ်လုပ်တဲ့ စိုက်ခင်းတွေမှာ မျိုးရောတွေကို ပယ်နိုင်ဖို့ အဓိကအရေးကြီးပါတယ်။ ဒီလိုမျိုး စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်နေကြတဲ့ သူတွေရော ကိုယ့်မျိုးကိုယ် မျိုးသန့်ထိန်းသိမ်းတဲ့ သူတွေပါ ကျန်တဲ့လုပ်ငန်းတွေမှာ လွယ်ကူနိုင်ပေမယ့်စိုက်ခင်းအတွင်း မျိုးရောပယ်တဲ့လုပ်ငန်းကို ဆောင်ရွက်ဖို့ အခက်အခဲရှိခဲ့ရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နီးစပ်ရာဌာနပိုင်မျိုးသန့်ခြံများ၊ မျိုးစေ့ရုံးတွေနဲ့ လည်းကောင်း၊ စိုက်ခင်းမှထွက်ရှိလာတဲ့ မျိုးစေ့တွေ စံချိန်စံညွှန်းပြည့်မီမှုရှိ/မရှိ စစ်ဆေးဖို့အတွက် မျိုးစေ့စစ်ဆေးရေး ဓာတ်ခွဲခန်းတွေနဲ့ လည်းကောင်း ဆက်သွယ်ပေါင်းစပ် ဆောင်ရွက်နိုင်တယ်လို့ စိုက်ပျိုးရေးဌာနမှ သိရပါတယ်။

ယနေ့ကာလမှာ နိုင်ငံတော်က စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြတဲ့ ပုဂ္ဂလိကနဲ့ အဖွဲ့အစည်းတွေ၊ သမဝါယမအသင်းတွေ၊ တစ်ပိုင်တစ်နိုင်တောင်သူတွေကို နိုင်ငံတော်က မျိုးစေ့ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအားပေး ကူညီဆောင်ရွက်နေတဲ့ကာလဖြစ်ပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူတွေအနေနဲ့လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့သုံးစွဲခြင်းရဲ့

*စာမျက်နှာ ၁၇ သို့*

> **“ စပ်မျိုးတွေကို စိုက်ပျိုးပြီးရရှိလာတဲ့ မျိုးစေ့ (ဒုတိယသားဆက်)တွေကို ပြန်လည်စိုက်ပျိုးမယ်ဆိုရင် အပင်များ ညီညာမှုမရှိခြင်း၊ အသီးအရွယ်များ မညီညာခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်စွမ်းနည်းပါးလာခြင်းနဲ့ နောက်ဆုံးအထွက်နှုန်းရော အရည်အသွေးပါ လျော့နည်းကျဆင်းခြင်းတို့ကို ကြုံတွေ့ရမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ဒီလိုဒုတိယသားဆက်တွေကို စိုက်ပျိုးမယ်ဆိုရင် ကြီးမားတဲ့ဆုံးရှုံးမှုတွေကို ကြုံတွေ့ရမှာဖြစ်ပါကြောင်းကိုတော့ လေးလေးနက်နက် အသိပေးချင်ပါတယ် ”**

## မှော်ဘီမြို့နယ်၌ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**မှော်ဘီ ဧပြီ ၂၄**



ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မှော်ဘီမြို့နယ်အတွင်း စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ်ဘီလီယံ ၁၀၁၅ ဒသမ ၃၁၄ သန်း၊ တိုးတက်မှုနှုန်း ၁၂ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၁၉ ဒသမ ၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၄၇ ဒသမ ၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၃ ဒသမ ၅ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်စေရန်နှင့် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၆၁ ဒသမ ၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၃ ဒသမ ၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်စေရန် ရည်မှန်းထားကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသန္တရ စီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဒေသန္တရစီမံကိန်း ကဏ္ဍကြီးများအလိုက် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**



## တာချီလိတ်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**တာချီလိတ် ဧပြီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဩကာပါကျေးရွာနှင့် မယ်အုန်းကျေးရွာတို့၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းက ဩကာပါကျေးရွာနှင့် မယ်အုန်းကျေးရွာများရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဩကာပါကျေးရွာနှင့် မယ်အုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား အသင်းသူ ၃၃ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၃၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## တွံတေးခရိုင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**တွံတေး ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အမျိုးသား စီမံကိန်းဥပဒေ၊ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေတို့ဖြင့် ပြဋ္ဌာန်းပြီး ဒေသန္တရလူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဒေသန္တရစီမံကိန်းတွင် ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းများကို စီမံကိန်းဥပဒေများအရ လျာထားသတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်၊ တွံတေးခရိုင်၏ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို ကဏ္ဍကြီးများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။



ယင်းနောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လအထိ) ဒေသန္တရ စီမံကိန်းရည်မှန်းချက်တာဝန်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌက ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တွံတေးသား**

## သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာ၌ ကျေးလက်ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုစစ်ဆေး



**သန်လျင် ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ဆိပ်ကျေးရွာ၌ ကျေးလက်ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကရင်ဆိပ်ကျေးရွာတွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၂၂ သန်းဖြင့် အရှည် ၄ မိုင် ၀ ဒသမ ၁၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ၃ ဝ လက်မရှိ ကျေးလက်ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကရင်ဆိပ်ကျေးရွာ၌ အဆိုပါ ကျေးလက် ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို သန်လျင်ခရိုင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**၂၂၂**

*စာမျက်နှာ ၁၆ မှ*

အကျိုးကျေးဇူးတွေကို တစ်စတစ်စ သိရှိလာတာနဲ့အမျှ ပြည်တွင်း မျိုးကောင်းမျိုးသန့်မျိုးစေ့ သုံးစွဲလာနိုင်မယ့်အခွင့်အလမ်းနဲ့ ကြီးမားတဲ့ ဈေးကွက်ရှိနေပါတယ်။ မျိုးစေ့စီးပွားရေးမှာ ခုထက်ပိုပြီး ရင်းနှီးမြှုပ်နှံကြဖို့ကိုလည်း အကြံပြုတိုက်တွန်းလိုပါတယ်။

**နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားဖို့ မျိုး မြေ ရေ နည်း စတဲ့ နည်းလမ်းလေးသွယ်နဲ့ ဆောင်ရွက်ကြဖို့ လမ်းညွှန်ထားပါတယ်။ ဒါကြောင့် အရေးအကြီးဆုံးဖြစ်တဲ့ မျိုးသန့်တွေကို ကိုယ်ပိုင်ထိန်းသိမ်းရယူနိုင်အောင် တင်ပြရတာပါ။**

ပြည်တွင်းမှာ နည်းမှန်လမ်းမှန်နဲ့ စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြတဲ့ ပုဂ္ဂလိက၊ အဖွဲ့အစည်းတွေနဲ့ သုံးစွဲသူတောင်သူတွေကို ကာကွယ်ပေးနိုင်ဖို့နဲ့ စံချိန်စံညွှန်းမပြည့်မီတဲ့ မျိုးစေ့တွေကို ဖြန့်ဖြူးရောင်းချနေသူတွေ၊ မသမာတဲ့နည်းနဲ့ အတုအပတွေကို ရောင်းချနေသူတွေကို အရေးယူနိုင်ဖို့ကိုလည်း မျိုးစေ့ဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရတဲ့အတွက် ပြည်တွင်းမျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေကြသူတွေအတွက် ပိုပြီးစိတ်ချလုံခြုံတဲ့ စီးပွားရေးရပ်ဝန်းတစ်ခု ဖြစ်လာဖို့ရှိနေကြောင်းကိုလည်း ဝမ်းမြောက်စွာအသိပေးလိုပါတယ်။

တောင်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ကို လွယ်ကူစွာရရှိစေပြီး ကုန်ကျစရိတ်လည်း နည်းပါးစေတဲ့ မျိုးစေ့အတွက် ကွန်ချက်လေးကို မျှဝေပေးချင်တာဖြစ်ပြီး တောင်သူတွေ မျိုးစေ့ထုတ်မယ့် ရင်းနှီးမြှုပ်နှံသူတွေအတွက် အကျိုးရှိသွားမယ်ဆိုရင်ကို တောင်သူထဲက တောင်သူဖြစ်တဲ့ ကျွန်တော့်အနေနဲ့ များစွာကျေနပ်အားရမိမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။



အောင်မြင်ဖြစ်ထွန်းနေသည့် သီးနှံစိုက်ခင်းများကို တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှု

**မန္တလေး ဧပြီ ၂၄**

မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် ငလျင်အား အလွန်ပြင်း မန္တလေးငလျင်ကြီးကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများကို စာစစ်လုပ်ငန်းများဆောင်ရွက်နေသည့် မန္တလေးတက္ကသိုလ်ပင်မအဆောက်အအုံမှာ ထိခိုက်ပြိုကျပျက်စီးမီးလောင်မှုဖြစ်ပွားခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရာ အဆိုပါဒေသများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။



### သွားရောက်ကြည့်ရှု

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ တိုင်းပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာဖြေခန်းများ ကြိုတင်ပြင်ဆင်ထားမှု၊ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား ဘာသာရပ်အလိုက်သင်ခန်းစာများကို ပြန်လည်သင်ကြားပေးနေမှု၊ ငလျင်ဒဏ်ကြောင့် ကျောင်းရှိအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု၊ အပျက်အစီးများအား ရှင်းလင်းထားမှုများကိုလည်းကောင်း၊ ဆက်လက်၍ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး စာဖြေခန်းများကြိုတင်ပြင်ဆင်ထားမှု၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု၊ အပျက်အစီးများအား ရှင်းလင်းထားမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

### ပေါင်းစပ်ညှိနှိုင်း

အဆိုပါ ကျောင်းများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် မတ်လအတွင်းက ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အားလုံး ဖြေဆိုခဲ့သူများကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုထားပြီးဖြစ်ရာ ကျောင်းသားကျောင်းသူများ စာမေးပွဲပြီးဆုံးသည်အထိ ချောမွေ့စွာဖြေဆိုသွားနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသည့်အတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများရှိခဲ့ရာ တတ်မြောက်ပြီးသင်ခန်းစာများကို အချိန်ကာလတစ်ခုအတွင်း ထိရောက်စွာ ပြန်လည်သင်ကြားပေးရမည့်အပြင် စိတ်ဓာတ်ခွန်အားများကို နည်းလမ်းမှန်ကန်စွာဖြင့် မြှင့်တင်ပေးသွားရန်လိုအပ်ပါကြောင်း၊ စာဖြေခန်းများ သန့်ရှင်းသပ်ရပ်ရေးနှင့် အလင်းရောင်ကောင်းမွန်စွာရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့မှုများနှင့်ပတ်သက်၍ ချက်ချင်းဆောင်ရွက်ရသည်များကို ကျောင်းဖွင့်အမီ ချက်ချင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကိုအချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးငလျင်ကြီးကြောင့် ရွှေကျီးမြင်စေတီတော်နှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေနှင့်အပျက်အစီးများအား ရှင်းလင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လာရောက်လှူဒါန်း

**မန္တလေး ဧပြီ ၂၄**

မတ် ၂၈ ရက်က မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော ငင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းမှုအနေဖြင့် အလှူရှင်များဖြစ်သည့် Mr. Johnny Teng၊ Mr. Andy Lin၊ Miss. Peng Shun Chen၊ Miss. Michelle Wang and Miss. Chris Lin တို့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် တန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ရှိ Physiological Monitor နှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ယနေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၄-၄-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၄.၂ | ၁၁၁.၆ |
| ၂။ | မြင်းမူ | ၄၄.၂ | ၁၁၁.၆ |
| ၃။ | မြင်းခြံ | ၄၃.၀ | ၁၀၉.၄ |
| ၄။ | မင်းဘူး | ၄၃.၀ | ၁၀၉.၄ |
| ၅။ | ဆင်ဖြူကျွန်း | ၄၃.၀ | ၁၀၉.၄ |
| ၆။ | မကွေး | ၄၂.၆ | ၁၀၈.၇ |
| ၇။ | ဂန့်ဂေါ | ၄၂.၆ | ၁၀၈.၇ |
| ၈။ | မင်းကင်း | ၄၂.၂ | ၁၀၈.၀ |
| ၉။ | မုံရွာ | ၄၂.၂ | ၁၀၈.၀ |
| ၁၀။ | တံတားဦး (လေကြောင်း မိုးလေဝသ) | ၄၂.၀ | ၁၀၇.၆ |
| ၁၁။ | ပခုက္ကူ | ၄၂.၀ | ၁၀၇.၆ |
| ၁၂။ | တောင်တွင်းကြီး | ၄၂.၀ | ၁၀၇.၆ |

# ချောင်းဆုံမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် အခြေခံသမဝါယမအသင်းသားများအား အထွက်တိုးမျိုးစပါးများပေးအပ်

**ချောင်းဆုံ ဧပြီ ၂၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ လာမည့်မိုးစပါး စိုက်ပျိုးရာသီအတွင်း မိုးစပါးစိုက်ပျိုးကြမည့် အခြေခံသမဝါယမအသင်းများမှ အသင်းသားတောင်သူများအနေဖြင့် မိုးစပါးအထွက်တိုးကာ အဆင်ပြေစေရန်အတွက် မြို့နယ်သမဝါယမဦးစီးဌာနက အောင်နိုင်တိုး အထွက်တိုးမျိုးစပါးများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။



အဆိုပါ မျိုးစပါးပေးအပ်ခြင်းကို မြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အခြေခံသမဝါယမအသင်းခြောက်သင်းမှ အသင်းသားတောင်သူ ၂၃ ဦးတို့၏ စိုက်ဧက ၈၂ ဧကအတွက် အောင်နိုင်တိုး အထွက်တိုးမျိုးစပါး တစ်ဧကတစ်တင်းနှုန်းဖြင့် စုစုပေါင်း ၈၂ တင်း ပေးအပ်ခဲ့ပြီး စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် အခြေခံသမဝါယမအသင်းစုစုပေါင်း ၁၀ သင်း လာမည့် စိုက်ပျိုးရာသီအတွင်း မိုးစပါးစိုက်ဧက ၆၆၀ စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် ဧပြီ ၂၄**

ဧပြီ ၂၅ ရက် မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## ရေဖြူမြို့နယ် ဒေါက်လောက် ကျေးရွာအနီးရှိ သံကူကွန်ကရစ်ဘေလီတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၂၄

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် တလိုင်းယာကျေးရွာအုပ်စု ဒေါက်လောက်ကျေးရွာအနီး ထားဝယ်ရေနက်ဆိပ်ကမ်းသို့သွားလာသည့်လမ်းပေါ်၌ ထားဝယ်မြစ်အား ဖြတ်သန်းဆောက်လုပ်ထားသည့် အရှည် ပေ ၅၀၀၊ အနံ ၁၂ ပေရှိ သံကူကွန်ကရစ် ဘေလီတံတားအား ယနေ့နံနက် ၁၀ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ၆ လက်မ ၃ လက်မရှိ သစ်သားဇလီဖားများနှင့် အပေါ်ပြင်ခင်းများ ပေ ၂၀၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရှိရသည်။

အဆိုပါ ပျက်စီးခဲ့သည့်တံတားအား ရေဖြူမြို့နယ်လမ်းဦးစီးဌာနမှ အမြန်ဆုံး ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် သံကူကွန်ကရစ်ဘေလီတံတားအား တွေ့ရစဉ်။

## ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံ သံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ၊ ရီရတ်ဒ်မြို့ရှိ မြန်မာသံရုံးသည် ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ခဲ့ရပြီး ဆော်ဒီအာရေဗျနိုင်ငံ မဒီနာမြို့ရှိ အမျိုးသမီး ထိန်းသိမ်းရေးစခန်းတွင် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသား မသက်မှူးအိမ်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ရုံး၊ ဆော်ဒီအာရေဗျနိုင်ငံ မဒီနာမြို့ရှိ Expatriates Management Detention Center အမျိုးသမီး ထိန်းသိမ်းရေးစခန်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မေ ၂၃ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံမှ ဂျက်ဒါ - Bangkok – Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ထိုနေ့ ည ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူး ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ကျော်ကြီး**

**ဓာတ်ပုံ – မောင်သီ**

## အောင်လံမြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

အောင်လံ မေ ၂၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး အောင်လံခရိုင်စီမံကိန်းဦးစီးမှူးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်များကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများနှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများအား လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်အား လည်းကောင်း၊ မြို့နယ် ပညာရေးဦးစီးဌာနမှ မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်အားလည်းကောင်း၊ အခြားဌာနဆိုင်ရာ တာဝန်ရှိသူများအား ဒေသန္တရစီမံကိန်းလုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**





## ကော့မှူးမြို့နယ်၌ နွေစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

ကော့မှူး မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစီမံကိန်း ဆောင်ရွက်သော သမဝါယမအသင်းသားတောင်သူများ၏ နွေစပါးရိတ်သိမ်းမှုကို ယမန်နေ့ညနေပိုင်းက မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်စုစုထွေးနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမြင့်ဇော်တို့က ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ကော့မှူးမြို့နယ် ရေဖြူတွင်းကျေးရွာရှိအသင်းသားတောင်သူ ဦးရွှေဝင်း၏ GW-11 ကိုးကေစိုက်ကွက်ကို ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း တင်း ၁၂၀ ထွက်ရှိကြောင်း သိရှိရသည်။ ကော့မှူးမြို့နယ်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အသင်း နှစ်သင်း၊ အသင်းသား ခြောက်ဦး၊ စိုက်ဧက ၆၇၀ အတွက် ၁၃၄ ဒသမ ၀၀ ကျပ်သန်းနှင့်ညီမျှသော သွင်းအားစုများ ပံ့ပိုးပေးထားခဲ့ကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ။

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒလမြို့နယ်၌ သောက်သုံးရေများ လှူဒါန်း

ဒလ မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မေ ၅ ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒလမြို့နယ်မီးသတ်ဦးစီးဌာနမှ ပူပြင်းခြောက်သွေ့သော နွေရာသီ၌ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသည့် ကျန်စစ်သားရပ်ကွက်အတွင်းရှိ ပြည်သူများအား ယနေ့နံနက်ပိုင်းက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါသောက်သုံးရေများလှူဒါန်းရာတွင် ဒလမြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးကြည်လွင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့ ပူးပေါင်း၍ ကျန်စစ်သားရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၂၅၀ နှင့် လူဦးရေ ၉၅၀ တို့ကို သောက်သုံးရေခက်ခဲမှုမရှိစေရေးအတွက် သောက်သုံးရေဂါလန် ၅၀၀၀ ကို မီးသတ်ရေသယ်ယာဉ် ဂါလန် ၁၆၀၀ ဆံ့ တစ်စီးဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခင်စန္ဒာမြင့်(ပြန်/ဆက်)**



# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသား ရှစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မေ ၂၄

**နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-မယ်ထော်သလေးနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ဖိလစ်ပိုင်နိုင်ငံသား ရှစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။**

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ နေ့ချင်းပြီး ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မေ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Zay Ya” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာနေ ကျော်ဇေယျ (ခ) ကျော်ကျော်အား ည ၇ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## R&A Level 3 Rule Seminar (TARS) တွင် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များ ဂုဏ်ထူးဖြင့် အောင်မြင်

**ရန်ကုန် မေ ၂၄**

R & A (Royal and Ancient Golf Club of St. Andrews) နှင့် ဗီယက်နမ် ဂေါက်သီးအားကစားအဖွဲ့ချုပ်တို့ပူးပေါင်း၍ မေ ၂၁ ရက်နှင့် ၂၂ ရက် တွင် ဗီယက်နမ်နိုင်ငံ၌ ဖွင့်လှစ်သော R&A Level 3 Tournament Administrators and Referees Seminar (TARS) နှင့် Asia Pacific Amateur Championship (AAC) Programme တို့တွင် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင် သုံးဦးသည် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များဖြစ်သည့် ဦးဘလှမောင် (တွဲဖက်အထွေထွေ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ ဦးကျော်ဇောနှင့် ဦးသိန်းဇော်ဝေတို့သည် R & A က ကျင်းပပြုလုပ်သော Level 3 Rule Exam ကို ဂုဏ်ထူးမှတ်ဖြင့် အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ဒိုင်အဖွဲ့ဝင်များသည် မေ ၂၃ ရက်တွင် Asia Pacific Rule Program ကိုလည်း မြန်မာနိုင်ငံ ကိုယ်စားပြုတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ဂေါက်သီးအားကစား စည်းမျဉ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် R & A Level 2 Rule Seminar (သင်တန်း) များ ဖွင့်လှစ်နိုင်ရေးအတွက် R & A မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ကိုညီလေး၊ ဓာတ်ပုံ-MGF**

❑ *ကျောဖုံးမှ*

လီဗာပူးအသင်းမှာ အကြိမ် (၂၀) မြောက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးရေး လက်တစ်ကမ်းအလိုရောက်ရှိလာပြီဖြစ်သည်။ အာဆင်နယ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်တည့်မတ်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက် ခရစ္စတယ်ပဲလေ့စ်အသင်းက ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ပိုမိုဖန်တီးနိုင်ခဲ့သည်။

ပွဲကစားချိန် ၃ မိနစ်တွင် အာဆင်နယ် ကစားသမား ဂျာကော့ဘ်က အသင်းအတွက် ဦးဆောင် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲကစားချိန် ၂၇ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ဝါတွန်၏ ဖန်တီးမှုကို အီဇီက သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၄၂ မိနစ်တွင် အာဆင်နယ်အသင်းမှ ထရိုဆတ်က အသင်းအတွက် ဒုတိယဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် အာဆင်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

အာဆင်နယ် အသင်းသည် နှစ်ဂိုး-တစ်ဂိုးဖြင့် မိနစ် ၈၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၈၃ မိနစ်တွင် မာတီတာ၏ ဒုတိယချေပဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့် အတွက် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း ၃၄ ပွဲကစားပြီး ရမှတ် ၆၇ မှတ်ဖြင့် အဆင့် (၂) တွင် ဆက်လက်ရပ်တည်နေသည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။ ယခုရာသီ MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲကို လာမည့်ရာသီ MNL ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရထားသည့် ကလပ်အသင်း ၁၂ သင်းမှ လူငယ်အသင်းများအပြင် လူငယ်လက်ရွေးစင်အသင်းများဖြစ်သော မြန်မာ ယူ-၁၉ အသင်းက Junior Lions အသင်း၊ မြန်မာ ယူ-၁၆ အသင်းက Falcon အသင်းအမည်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကာ စုစုပေါင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ထို့ကြောင့် ယခုရာသီ MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအပါအဝင် Dagon Port အသင်း၊ သစ္စာအားမာန်အသင်း၊ ရခိုင်ယူနိုက်တက်အသင်း၊ ရှောဝတီယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ မဟာယူနိုက်တက်အသင်း၊ ရာမညယူနိုက်တက်အသင်း၊ အား/ကာသိပ္ပံအသင်း၊ ဟံသာဝတီယူနိုက်တက်အသင်း၊ ဒဂုံစတားယူနိုက်တက်အသင်း၊ Junior Lions အသင်း၊ Falcon အသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## ကွမ်းခြံကုန်းမြို့နယ်၌ သမဝါယမအသင်းများ၏ နှမ်းစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

**ကွမ်းခြံကုန်း မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သမဝါယမအသင်းသား တောင်သူများ၏ နွေစပါးရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းယုမွန်နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းနှင့် အသင်းအမှုဆောင်တို့က ယနေ့ ကွင်းဆင်းကြည့်ရှုခဲ့သည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ဒေးဒရဲနေကျေးရွာ တိုးတက်ရေး လယ်ယာနှင့်အထွေထွေသမဝါယမအသင်း လီမိတက်မှ နွေစပါးစိုက်အသင်းသား တောင်သူ ဦးစိုးလွင်၏ ရက် (၉၀) စပါး ၁၀ ဧက စိုက်ကွင်းရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်းတင်း ၁၁၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

ကွမ်းခြံကုန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဒေးဒရဲနေကျေးရွာ၊ ညောင်ငူကျေးရွာ၊ ကော့ဒွန်းကျေးရွာတို့ရှိ အခြေခံ သမဝါယမအသင်း သုံးသင်းမှ နွေစပါးစိုက်ဧက ၅၃၇ ဧက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင်များ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဘုရား၊ သိမ်ကျောင်းများအတွက် အလှူငွေများလှူဒါန်း



**နေပြည်တော် ဧပြီ ၂၄**

နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုးတို့သည် လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့်ပျက်စီးခဲ့သည့် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုရားစေတီများ၊ သိမ်ကျောင်းများ ပျက်စီးမှုများနှင့် MSME လုပ်ငန်းများ ထိခိုက်ပျက်စီးမှုများကို သွားရောက်ကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်များသည် လယ်ဝေးမြို့နယ် အမှတ် ( ၃)ရပ်ကွက်ရှိ ဘုရားကြီးကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် နေက္ခမ္မဒါယသိမ်ကျောင်းပြုပြင်ရန်အတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀ ကို ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအရိယာဝံသ ထံ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော MSME လုပ်ငန်းဖြစ်သည့် လယ်ဝေးမြို့နယ် ကန်လှကျေးရွာ မြရတနာဆန်စက်လုပ်ငန်းကို သွားရောက်ကြည့်ရှုကာ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များသည် တာဝန်ရှိသူများနှင့်အတူ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဒက္ခိဏသီရိမြို့နယ် တောင်ဝိုင်းကြီးဘုရားကို သွားရောက်ကြည့်ရှု၍ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကာ ဒက္ခိဏသီရိမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် MSME လုပ်ငန်းမှ အဆောက်အအုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် အင်းလေးဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ညောင်ရွှေ ဧပြီ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၌ မန္တလေးငလျင်ကြီးကြောင့် အင်းလေးဒေသအတွင်း ကျေးရွာအုပ်စု ၁၇ အုပ်စုမှ နေအိမ် ၂၂၉၇ လုံး ပျက်စီးဆုံးရှုံးခြင်းနှင့် လူဦးရေ ၁၃၃၈၃ ဦး၊ ငလျင်ဘေးသင့်ခဲ့ပြီး ပျက်စီးရှုံးခဲ့ရသည့် နေအိမ်များကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးမြင့် ဦးဆောင်၍ တာဝန်ရှိသူများက ပြိုကျနေအိမ်များကို ဖျက်သိမ်းခြင်း၊ မိုးမကျမီ ငလျင်ဘေးသင့်ပြည်သူများအား အမိုး၊ အကာ၊ အောက်သို့ရောက်ရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၃ ရက်တွင် နန်းပန်မြို့ ရပ်ကွက် (၁)ရှိ ငလျင်ဘေးသင့်ရွာဖြစ်သည့် ကြာတောရွာတွင် အိမ်ခြေပေါင်း ၂၅၄ လုံး ပြိုကျပျက်စီးခဲ့ပြီး ပြိုကျပျက်စီးခဲ့သည့် နေအိမ်များ နေရာတွင် အစားထိုးပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလှူရှင်များဖြစ်သည့် ရန်ကုန်မြို့ရှိ Fairy Land ကုမ္ပဏီမှ နေအိမ်တစ်လုံးလျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် အိမ်အလုံး ၁၀၀ ဆောက်လုပ်လှူဒါန်းခြင်း၊ ယာယီစာသင်ကျောင်းဆောင်သစ် ပေ (၉၀x၃၀) တစ်ဆောင်နှင့် ဆိုလာမီးစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးတို့ကို လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ မိုးမကျမီနေအိမ်များ ဆောက်လုပ်မှုပြီးစီးရေး၊ ကျောင်းဖွင့်ရာသီမတိုင်မီ ယာယီစာသင်ကျောင်းများ ဆောက်လုပ်ခြင်းတို့ကို အချိန်မီပြီးစီးရေးအတွက် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်

**ထန်းတပင် ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်အတွင်း ဒေသန္တရစီမံကိန်းနှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လ) အထိ ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ ယနေ့ပြုလုပ်သည်။

တာဝန်ပေးအပ်ခြင်းအခမ်းအနားတွင် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စီမံကိန်းရည်မှန်းချက်တာဝန်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများထံသို့ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ ထန်းတပင်မြို့နယ်အတွင်း တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေကျပ်ဘီလီယံပေါင်း ၁၆ ဒသမ ၂၆၀၆၂ ဖြင့် လုပ်ငန်း ၉၁ ခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ဖျာပုံမြို့၌ ခရိုင်အဆင့် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ

**ဖျာပုံ ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၌ ခရိုင်အဆင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲကို ယမန်နေ့က ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ခရိုင်အဆင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ရာတွင် ဖျာပုံခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် (ဧပြီလမှ မတ်လအထိ)ဒေသန္တရစီမံကိန်း ဥပဒေတွင်ပါဝင်သည့် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)နှင့် ငွေလုံးငွေရင်းအသုံးစရိတ်အဖြစ် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများကိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အမျိုးသားမျှော်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ရင်း မိမိခရိုင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ခရိုင်အတွင်း စပါးအထွက်နှုန်းတိုးတက်ပြီး ဆီဖူလုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကူညီ



ကြစေလိုကြောင်း၊ တိုင်းဒေသကြီး၏ရည်မှန်းချက် (Driving Plan) ပါ ပေးထားချက်များရရှိရေးကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်များပေးအပ်ရာ ဖျာပုံခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များက ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများထံသို့ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘယက်ကျေးရွာ နွေစပါးစိုက် အသင်းသားတောင်သူများ၏ နွေစပါးရိတ်သိမ်းနေမှုကို ဧပြီ ၂၃ ရက်က သန်လျင်မြို့နယ် သမဝါယမဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

သန်းဝင်း(သန်လျင်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်များ၊ ရေယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မေ ၂၄

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Myanmar Yangon Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ Famous ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၉၅၁၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hyundai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၁၅၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၄၂၁၁၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၈၃၈ တန်၊ အခြားသစ် ၂ ဒသမ ၆၄၁ တန်၊ မီးသွေး ၅ ဒသမ ၃၃၁ တန်၊ ရှားမျှော အလုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၄၂၃၃)ကို သစ်တောဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ် ကွဲသေကျေးရွာအနီး၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် နွားအထီးလေးကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀) ကိုအရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရလည်းကောင်း၊ မကွေးမြို့ မြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကိုပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၃၄၂၃၃ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကွဲ့တပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၂၄၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့ Denkoဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၉၉၆၀၅) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ထုံးဘို ခုနစ်မိုင် ကတ္တားဂိတ်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၀၂၅၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Win Myanmar Pickup တစ်စီး၊ Toyota Dyna Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန် - မန္တလေးလမ်းဟောင်း ကျောက်ဆည်မြို့ ရှောင်လမ်း၌ လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၀၀၉၃၇၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Shiegx Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၈၃၅၈၀၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၂၂ ရက်တွင် လပွတ္တာမြို့နယ် မင်းကုန်းကျေးရွာ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မေ ၂၃ ရက်တွင် မြန်အောင်ခရိုင်၊ ကျုံပျော်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၆၈၆ တန်၊ အခြားသစ်တန် ၇ ဒသမ ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၆၄၇၁) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၆၄၇၁ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၃ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်၊ ရေးခရိုင်နှင့် ကျိုက်ထိုခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၅၄၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၈၂၂၉)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းထက်မင်းဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၇၇၆၅၀၅) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. MCL-7 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တိုက်ကြီးမြို့နယ်နှင့် သံလျင်ကျွန်းမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၈၆ တန်၊ အခြားသစ် ၃ ဒသမ ၇၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၅၀၇၂)နှင့် အဆိုပါသစ်များတင်ဆောင်ထားသည့် Toyota Probox မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၆၄၆၁၅၇၇ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၃၈၀၈၀၁၅)ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာခြင်းများဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ သတင်းစဉ်

## ချောက်မြို့နယ်၌ ရေနံပိုက်လိုင်းကို ဖောက်ထွင်းပြီး ရေနံများခိုးယူရန် ကြံစည်အားထုတ်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

နေပြည်တော် မေ ၂၄

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မေ ၂၂ ရက်က ရေနံပိုက်လိုင်းကို ဖောက်ထွင်းပြီး ရေနံများခိုးယူရန် ကြံစည်အားထုတ်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။



ချောက်မြို့နယ်၌ ရေနံပိုက်လိုင်းကို ဖောက်ထွင်းပြီး ရေနံများခိုးယူရန်ကြံစည်အားထုတ်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ချောက်မြို့ အမှတ်(၁) ရပ်ကွက် ရွှေပုံတောင်ဘုရားပေါ်သို့ အမျိုးသားနှစ်ဦး မသင်္ကာဖွယ်တက်ပြေးသွားကြောင်း သတင်းအရ ချောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ လိုက်လံရှာဖွေစစ်ဆေးခဲ့ရာ အမှတ် (၅) ရွှေသူဌေးကုန်း ရပ်ကွက်နေ ဇင်မင်းလတ်(ခ)ဗေကြီး(၃၃)နှစ်နှင့် အမှတ်(၅) မော့တန်းလျား ရပ်ကွက်နေ ခန့်ညားအောင်(၂၅) နှစ်တို့ နှစ်ဦးအား ရေနံပိုက်လိုင်းကို ခိုးယူဖောက်ထွင်းရာတွင် အသုံးပြုသည့် လွန်တစ်ချောင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိပြီး စစ်မေးရာ ၎င်းတို့နှစ်ဦးမှာ ရေနံတွင်းအမှတ် (1205) ၏ လက်တံလိုင်းကို ဖောက်ထွင်းခဲ့ကြောင်း သိရသဖြင့် ဇင်မင်းလတ် (ခ) ဗေကြီးနှင့် ခန့်ညားအောင်တို့နှစ်ဦးအား ချောက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

## ကျိုက်ထိုမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မေ ၂၃ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ကျိုက်ထိုမြို့ အမှတ်(၇၈) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ လက်ပြကျေးရွာ မြို့ဝင်ဂိတ်အနီးတွင် မော်တော်ယာဉ် ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မော်လမြိုင်မြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ ကော့ကရိတ်မြို့နယ် ထိုကော်ကျေးရွာနေ စောကျော်နိုင်ဝင်း(၂၉) နှစ် မောင်းနှင်လာသည့် SHN-27 7L/xxxx NISSAN VANETTE အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ကို စစ်ဆေးရာ ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် စောကျော်နိုင်ဝင်းအား ကျိုက်ထိုမြို့မရဲစခန်း (ပ) ၅၆/၂၀၂၅၊ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား



ကျိုက်ထိုမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၄

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့် နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ (၄)လမ်းရှိ ကွင်းအမှတ်(၄၁၁ᵃ)၊ ကွင်းအမည်(ဘုရန်းကြာအင်းလေး)၊ ဦးပိုင်အမှတ်(၅၈)၊ မြေဧရိယာ(၀ဒသမ၀၄)ဧကအား ဒေါ်ဝတ်ရည်ထွန်း အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရှေ့လားသော် - ဦးပိုင်အမှတ်(၅၇)
အနောက်လားသော် - ဦးပိုင်အမှတ်(၅၉)
တောင်လားသော် - လမ်းကြား
မြောက်လားသော် - (၄)လမ်း

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ၂၆-၄-၂၀၂၅ ရက်နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/2285 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညနခရိုင်ရုံး( ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## မိဘအမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ရှင်မုတ္တီးကျေးရွာအုပ်စု၊ စော်ဝကျေးရွာနေ မောင်သူရနိုင်၏ မိဘအမည်မှန်မှာ ဦးသူရဇော်(၆/ရဖန(နိုင်)၀၂၆၂၃၅)၊ ဒေါ်ကြည်ငွေး(၆/ထဝန(နိုင်)၀၅၅၆၇၄) ဖြစ်ပါကြောင်း။




## လပွတ္တာမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စုပေါင်းကြဲပက်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

လပွတ္တာ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ၁ မိုင်ရှမ်းစုကျေးရွာ၌ ယနေ့နံနက် ၈ နာရီက နွေစပါးစံကွက်ရိတ်သိမ်းပွဲနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စုပေါင်းကြဲပက်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရနှင့် အဖွဲ့ဝင်များ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တောင်သူလယ်သမားများ



တက်ရောက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က မိုးစပါးမြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားကာ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များကို တောင်သူများအား ပေးအပ်ခဲ့ကြောင်းနှင့် ရှမ်းစုကျေးရွာ ကွင်းအမှတ်-၅၂၈ ၊ ဦးပိုင်-(၈/၁) တောင်သူဦးဝင်းနိုင်၏ လယ်မြေ ၁၃ ဧကတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များအား စုပေါင်းကြဲပက်ခဲ့သည်။

ဆက်လက်၍ နွေစပါးသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း စိုက်ဧက ၂၃ ဧကတွင် ရှမ်းစုကျေးရွာ ကွင်းအမှတ်-၅၂၈၊ ဦးပိုင်-(၈/၁) တောင်သူဦးဝင်းနိုင်၏ လယ်မြေတွင် အောင်နိုင်တိုး(YSR-1) စပါးမျိုး စံကွက်ရိတ်သိမ်းရာ တစ်ဧက အစိုအထွက်နှုန်း ၁၃၉ ဒသမ ၂၀ တင်း၊ အခြောက် အထွက်နှုန်း ၁၂၅ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။

**ဟိန်းထက်လင်း(လပွတ္တာ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မင်းကြီးရန်အောင်လမ်း၊ မြေကွက်အမှတ်(၄၀၃/၁၂၀၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးကောင်းနိုင်ထွန်း(၁၂/တမန(နိုင်)၁၀၃၉၈၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်ဦးကောင်းနိုင်ထွန်း(၁၂/တမန(နိုင်) ၁၀၃၉၈၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသီဟအောင်(၁၃/ကလန (နိုင်) ၀၅၅၀၈၁)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။**
**ရေဖြည့်ထားသော ပုံးဖြင့်**
**ယာဉ်များကို ဆေးကြောပါ။**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများအားရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချ မွေးမြူရန်။
❖ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
❖ ကန်ရေ အရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
❖ ကန်ရေ အပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် (၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ် ၁၃/ညံ့ တောအရှေ့၊ ဦးပိုင်အမှတ်(၅၄)၊ မြေဧရိယာ (၀ဒသမ၀၇၅)ကေရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး/အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ရီရီမြင့် ပါ(၅)ဦး ၉/မမန(နိုင်)၀၁၈၈၀၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/ အကွက်အမှတ် ၂၈/သုမင် လာ၊ ဦးပိုင်အမှတ်(၄၇)၊ မြေဧရိယာ(၀ဒသမ ၁၁၆)ကေရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးမျိုးခင် ၁၂/စခန(နိုင်)၀၁၅၃၈၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦး လွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/18990, Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇင်ဦး ၁၄/ကကထ (နိုင်)၁၄၂၁၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့် ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ အုတ်ဖိုကျေးရွာနေ ဦးတင်ကိုကို-ဒေါ်ဘာဂ်မနီ (၇/ဖမန(နိုင်)၁၂၀၀၅၇)တို့၏သား မောင်သီဟစိုး (၇/အတန(နိုင်)၁၂၂၆၄၂)အား ၂၃-၄-၂၀၂၅ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ကိုကို-ဒေါ်ဘာဂ်မနီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ ကျွန်တော် /ကျွန်မတို့၏ သားဖြစ်သူမောင်မိုးမြင့်မြတ်၁၂/တမန (နိုင်)၁၄၃၃၄၀သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ၎င်းသဘောဆန္ဒအရ မိဘများ၏ တားမြစ်သည့်ကြားမှ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုမူပါသဖြင့် ၎င်းအားယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့် ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဖခင်-ဦးမိုးထွန်းဦး ၇/ပမန(နိုင်) ၁၀၈၆၂၂**
**မိခင်-ဒေါ်ပပစိုး ၁၂/တမန(နိုင်) ၁၀၁၃၈၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စီမံရေးဌာနမှဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရေးဌာနစိတ်၊ မြေအောက်ဓာတ်ကြိုးဌာနစိတ်တို့မှ ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၄.၄.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၈.၅.၂၀၂၅) ရက်နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ၂၀၂၅-၂၀ ၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဝယ်ယူအသုံးပြုမည့် စက်သုံးဆီ၊ ကတ္တရာ၊ ခွဲကျောက်ရွယ်စုံနှင့် လမ်းလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်လိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းများ၏အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြရုံး)၊ နေပြည်တော်(စီလမ်းဆုံ)တွင်ရုံးချိန်အတွင်း စုံစမ်းဝယ် ယူနိုင်ပါသည်။

(က) **လျှောက်လွှာစတင် ရောင်းချမည့်ရက်** - (၂၈-၄-၂၀၂၅)ရက် (တနင်္လာနေ့) နံနက် (၁၀:၀၀)နာရီ

(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၁၄-၅-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ (၄:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်မည့် ရက်နှင့်နေရာ** - ဆက်သွယ်အကြောင်းကြားပါမည်။

**တင်ဒါစိစစ်ရေးကော်မတီ၊ ဖုန်း-၀၉-၂၅၀၉၀၂၀၀၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀) တောင်ကြီးမြို့နယ်တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၁

| | | |
|---|---|---|
| ဒေါ်နန်းချိုဇင်ထွန်း | နှင့် | ဦးခွန်မောင်သိန်း |
| တရားလို | | တရားပြိုင် |

အမှတ်(၉၃/၃၅)၊ စပါယ်လမ်း၊ ရပ်ကွက်(၁၂)၊ အေးသာယာမြို့(စက်မှုဇုန်)နေ ဦးခွန်မောင်သိန်း (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်နန်းချိုဇင်ထွန်းက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့် အမိန့် အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်လိုက်ပါ၍ ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၇ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီ အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်၏ ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီ လ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ သစ်တောရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃၊ အကွက်အမည်-အစိုးရရပ်၊ ဦးပိုင်အမှတ် (၃၄-ပ)၊ မြေကွက် အမှတ်(39/149)၊ မြေဧရိယာ(၀.၈၀၁)ကေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တောင်ကြီးမြို့နယ်မြေစာရင်းဦးစီးဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသူ ဒေါ်ခင်ကြည် (ဘ) ဦးစီမင်း(ခ) ဦးစီမျှင် (ခ) ဦးမြင့် (၁၃/ကတန(နိုင်) ၀၅၄၆၈၂)ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.GP, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း | အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း |
| အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀ |

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး) ( ၂/ ၂၀၂၅-၂၀၂၆) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)၊ ထားဝယ်မြို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား တည်ဆောက် ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာ၍ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက်** | - | ၁၂-၅-၂၀၂၅ ရက် (တနင်္လာနေ့) |
| **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန်** | - | ၃၀-၅-၂၀၂၅ ရက် (သောကြာနေ့) (၁၆:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန်** | - | ၅-၆-၂၀၂၅ ရက် (ကြာသပတေးနေ့) (၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)၊ ပဒုမ္မာလမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းမျဉ်းစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)၊ ထားဝယ်မြို့၊ ဖုန်း-၀၉-၂၆၂၇၀၁၅၁၈၊ ၀၉-၂၅၀၅၃၄၅၁၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
**ထားဝယ်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး) (၁/ ၂၀၂၅-၂၀၂၆)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(တနင်္သာရီ တိုင်းဒေသကြီး)၊ ထားဝယ်မြို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုမည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာ ကျပ်ငွေ)ဖြင့်ဝယ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များ အနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာ၍ ဖိတ် ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင် ရောင်းချမည့်နေ့ရက်** | - | ၁၂-၅-၂၀၂၅ရက် (တနင်္လာနေ့) |
| **တင်ဒါပုံစံရောင်းချခြင်း ပိတ်မည့်နေ့ရက်/အချိန်** | - | ၂၆-၅-၂၀၂၅ရက်(တနင်္လာနေ့) ညနေ (၁၅:၀၀)နာရီ |
| **တင်ဒါဖွင့်မည့် နေ့ရက်/အချိန်** | - | ၂၉-၅-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် (၉:၃၀) နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊လမ်းဦးစီးဌာန၊ ကြီးကြပ်ရေး အဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)၊ ပဒုမ္မာလမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့ |

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းမျဉ်းစည်းကမ်းများ၊ အသေးစိတ်အချက်အလက် များအား သိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေး အဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)၊ ထားဝယ်မြို့၊ ဖုန်း-၀၉-၂၆၂၇၀၁၅၁၈၊ ၀၉-၂၅၀၅၃၄၅၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
**ထားဝယ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ချမ်းသာရပ်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(၁၀၄)နေ ဦးသက်ဦး ၁၃/တကန(နိုင်) ၀၄၇၄၈၆မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ်(၈၉)၊ အကွက်အမည်-မုံတဝ ရွာအနောက်၊ ဦးပိုင်/မြေကွက် အမှတ်(၁၉)၊ ဧရိယာ(၀ဒသမ၀၅၇)ကေ ဒေါ်မေသက်ဝါ အမည်ပေါက်(ဂရန်မူရင်း)မှာ ပျောက်ဆုံးနေပါသဖြင့် ရုံးလက်ခံမိတ္တူမှန်လျှောက်ထားခြင်း၊ ဂရန်အမည်ပြောင်းလျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ သက်ဆိုင်ရာဌာနအသီးသီးသို့ လျှောက်ထားဆောင်ရွက်ခြင်းကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဂရန်မူရင်းအား ကျွန်ုပ်သိရှိခြင်းမရှိဘဲ ရယူထားပါက သက်ဆိုင်ရာဌာနသို့ ဥပဒေပြဌာန်းချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်ဦး ၁၃/တကန(နိုင်) ၀၄၇၄၈၆**
**ဖုန်း-၀၉-၆၉၁၅၉၅၇၁၀**

## ကန့်ကွက်နိုင်ပါကြောင်း

